ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ် ... စတင်ထုတ်ဝေသည်
၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့ (28-11-2013) (၇၆၇၈)

**ရာသီဥတုအခြေအနေ**

**ထူးခြားသည့် ညအပူချိန်များ**

ကသာ ၈ ဒီဂရီစင်တီဂရိတ်
ပူတာအို ၉ ဒီဂရီစင်တီဂရိတ်

**မှတ်သားဖွယ်ရာမိုးရေချိန်များ**

ဟသ်ာတ သုည ဒသမ ၅၅ လက်မ
ဖြူး သုည ဒသမ ၄၇ လက်မ

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# ဆီးဂိမ်းပြိုင်ပွဲအမီ နေပြည်တော်၌ ဟိုတယ်အသစ်ငါးလုံး ထပ်မံဖွင့်



ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် TZTM ကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းတို့က မင်္ဂလာသီရိဟိုတယ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးသို့ လာရောက်ကြမည့် ပြည်တွင်းပြည်ပမှ ဧည့်သည်များ အဆင်ပြေ၊ အဆင့်မီစွာတည်းခိုနေထိုင်နိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီ ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် နေပြည်တော်၌ ဟိုတယ်အသစ် ငါးလုံးကို ယနေ့တွင် ထပ်မံဖွင့်လှစ်သည်။

အဆိုပါ အခမ်းအနားများသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးမြင့်လှိုင်၊ ဦးတင့်ဆန်း၊ ဦးအေးမြင့်ကြူနှင့် ဦးဌေးအောင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နံနက် ၈ နာရီတွင် မင်္ဂလာသီရိဟိုတယ်ကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန်နှင့် TZTM ကုမ္ပဏီအုပ်ချုပ်မှုဒါရိုက်တာ ဦးသက်လင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခန်းများဖွဲ့စည်းမှုနှင့် နိုင်ငံတကာအဆင့်မီအောင် ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ EXCEL CAPITAL ဟိုတယ်ဖွင့်ပွဲကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဦးဌေးအောင်၊ ဦးကံချွန်နှင့် ဟိုတယ်ဥက္ကဋ္ဌ ဦးသိန်းဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဟိုတယ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဟိုတယ်ခန်းများဖွဲ့စည်းထားမှုနှင့် ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မန်းမြန်မာဟိုတယ်ကို ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ ဦးကံချွန်နှင့် မန်းမြန်မာဆောက်လုပ်ရေးကုမ္ပဏီဒါရိုက်တာ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဟိုတယ်ခန်းများ ဖွဲ့စည်းထားမှုနှင့် ဟိုတယ်အတွင်း အလှပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲ နိုင်ငံများ၏အမည်ဆိုင်းဘုတ်ကိုင်သူစာရင်း ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအကြို ဝတ်စုံပြည့်အစမ်းလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၂၈ ရက် ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၁၁ နိုင်ငံ ပါဝင်ချီတက်ကြမည်ဖြစ်ရာ ဝတ်စုံပြည့်အစမ်းလေ့ကျင့်ပွဲကြီး၌ ပြိုင်ပွဲဝင်နိုင်ငံအသီးသီး ကိုယ်စားပြုဆိုင်းဘုတ်ကိုင်အမျိုးသမီးများ၏ အမည်စာရင်းကို ယဉ်ကျေးမှုဝန်ကြီးဌာန (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီက ထုတ်ပြန်ကြေညာသည်။

ဝတ်စုံပြည့်အစမ်းလေ့ကျင့်ပွဲတွင် ပါဝင်ကြမည့်ဆိုင်းဘုတ်ကိုင် အမျိုးသမီးငယ်များမှာ မချောစုလင်းဖြူသန့်(ဘရူနိုင်းနိုင်ငံ)၊ မယွန်းရတီမြတ်(ကမ္ဘောဒီးယားနိုင်ငံ)၊ မပိုးအိထွန်း(လာအိုနိုင်ငံ)၊ မကြည်တြာဗိုလ်(အင်ဒိုနီးရှားနိုင်ငံ)၊ မအိစက်မွန်(မလေးရှားနိုင်ငံ)၊ မဆွေဆွေအောင်(ဖိလစ်ပိုင်နိုင်ငံ)၊ မခင်ဦးသာ(စင်ကာပူနိုင်ငံ)၊ မနန်းထက်ထက်အောင်(ထိုင်းနိုင်ငံ)၊ မမိကျော့ကျော့ခိုင်(တီမောလက်စ်တီနိုင်ငံ)၊ မမြတ်ကျော့ခိုင်(ဗီယက်နမ်နိုင်ငံ)၊ မအိန္ဒြာသီရိကို(မြန်မာနိုင်ငံ)၊ အရန်အဖြစ် မမေသဥ္ဇာဝင်းနှင့် မအေးသန္တာမိုးတို့ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အစမ်းလေ့ကျင့်မှုအစီအစဉ်အရ သယ်ဆောင်လာသော မီးရှူးတိုင်အား မီးထွန်းညှိပြီး ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)အားကစားကွင်းရှေ့၌ စိုက်ထူထားသည်ကို နိုဝင်ဘာ ၂၇ ရက် ညနေပိုင်းက တွေ့ရစဉ်။ (စိုးဝင်း-MLA)

## ဆီးဂိမ်းအထူးထုတ် ထုတ်ဝေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစား ပြိုင်ပွဲကြီးကို ဂုဏ်ပြုသောအားဖြင့် နေ့စဉ်ထုတ်ကြေးမုံသတင်းစာတွင် ဆီးဂိမ်းအထူးထုတ် (၄)မျက်နှာကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့မှ ပြိုင်ပွဲပြီးဆုံးသည့် ဒီဇင်ဘာလ ၂၂ ရက်နေ့အထိ နေ့စဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။ ဆီးဂိမ်းအထူးထုတ် ထုတ်ဝေနေစဉ်ကာလအတွင်း ဒီဇင်ဘာ ၁ ရက်၊ ၈ ရက်၊ ၁၅ ရက်၊ ၂၂ ရက်နေ့ထုတ် တနင်္ဂနွေ အထူးထုတ်များကို (၄)ပတ် ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ **(ကြေးမုံ)**



**ကြေးမုံ စာတည်းရှုထောင့်** ၂၈-၁၁-၂၀၁၃၊ ကြာသပတေးနေ့

# အပြောနှင့်အလုပ်

အပြောနှင့်အလုပ် တစ်ထပ်တည်းကျမှ အောင်မြင်သည့် အလုပ်ဖြစ်နိုင်ပေသည်။ အပြောချည်းပြောနေ၍ အလုပ်ဖြစ်မည်မဟုတ်။ အလုပ်ချည်းသာ လုပ်နေလျှင်လည်း စနစ်ကျမည်မဟုတ်ချေ။ ထို့ကြောင့် အပြောနှင့်အလုပ် တစ်ထပ်တည်းကျအောင် လုပ်ကိုင်ကြရပေသည်။

ပြောခြင်းဆိုသည်မှာ တတ်သိနားလည်သူ၊ တတ်ကျွမ်းနားလည်ပြီး အတွေ့အကြုံဗဟုသုတရှိသူ ဆရာသမားများက ပြောဆိုညွှန်ပြလျက်ရှိတတ်ကြပြီး ထိုသို့ပြောဆိုညွှန်ပြမှုတို့ကို ဆိုင်ရာအကောင်အထည်ဖော်သူတို့က လက်တွေ့ကျကျလုပ်ကိုင်ကြရသည်။

အပြောဟုဆိုရာ၌ မျက်မှောက်ကာလတွင် လုပ်မှုကိုင်မှုနယ်ပယ်အချို့တွင် ယခင်နှင့်မတူ ပို၍ပြောကြဆိုကြရသည်။ အဘယ်ကြောင့်ဟူမူ ယနေ့ လူအချို့တို့သည် စာပေဗဟုသုတလိုက်စားမှုနည်းပါးခြင်း၊ စာဖတ်အားနည်းခြင်းတို့ကြောင့် ထိုကဲ့သို့ပြောဆိုနေကြရခြင်း ဖြစ်သည်။

'အသိခေါက်ခက် အဝင်နက်'ဟူသကဲ့သို့ ပြောလေဝေးလေ လူတန်းစားမျိုးလည်းရှိသည်။ ထိုကဲ့သို့ လူတန်းစားများကို ဆင်ခြင်ဉာဏ်တရားဖြင့် သင့်တင့်လျောက်ပတ်အောင် ဆောင်ရွက်သင့်သည်။

ယနေ့ကာလတွင် ဟောပြောပွဲများ၊ ရှင်းလင်းပွဲများ၊ ဆွေးနွေးပွဲများ၊ လုပ်ငန်းကျွမ်းကျင်မှု အသိပေးခြင်းများ၊ လုပ်ငန်းတာဝန်ပေးခြင်းများ၊ ပြောဆိုဆုံးမခြင်းများကို ဆိုင်ရာသူတို့နှင့် ပြည်သူတို့ ဆောင်ရွက်လေ့ရှိကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အသိပညာဗဟုသုတရကြသူများရှိသလို မရကြသူများလည်း ရှိတတ်သည်။

အသိပညာနှင့် လုပ်ငန်းစဉ်တို့မှာ ရယူအပ်သည့် ကောင်းမွန်သောလုပ်ငန်းများဖြစ်၍ ယူသင့်ယူထိုက်သည်။ နာခံအပ်သည်။ ထိုအခါ တစ်ထွာပြလျှင် တစ်လံမြင်သကဲ့သို့ ထပ်ခါထပ်ခါပြောဆိုရန်မလိုဘဲ မိမိတို့၏ဉာဏ်အမြင်ဖြင့် မိမိတို့ဘဝနှင့် လုပ်ငန်းအဆင်ပြေ ချောမွေ့အောင်မြင်အောင် အမှန်ပင် လုပ်တတ်ကိုင်တတ်ကြဖို့လိုသည်။

ထိုသို့ ပြောဆိုကြရာ၌ သူ့အိုးနှင့်သူ့ဆန် တန်အောင်တော့ပြောသင့်သည်။ တစ်မတ်တန်သည့်သူကို တစ်ကျပ်တန်ပြောလျှင် အချည်းနှီးဖြစ်တတ်ပြီး တစ်မတ်နိုင်သည့်သူကို တစ်ကျပ်တာဝန်ပေးမိလျှင်လည်း ရေတွင်အရုပ်ရေးသကဲ့သို့ အရာမထင်ဖြစ်တတ်သည်။ အချို့လက်တွေ့ကျသော ကိစ္စရပ်များ၌ မိမိတို့ပြောဆိုမှုများ အလဟဿမဖြစ်စေရန်အတွက် ထိုသူများကို ချိန်ဆတတ်ဖို့ အရေးကြီးသည်။

ထို့ကြောင့် အရာရာတွင် လက်တွေ့သည် ပဓာနကျသောကြောင့် နည်းနည်းပြောပြီး များများအလုပ်ဖြစ်အောင် လုပ်တတ်ဖို့လိုမည် ဖြစ်သည်။

'ကျွဲကူး ရေပါ' စကားပုံအတိုင်း ကျွဲရေကူးလျှင် ကျွဲနောက်တွင် ရေအလျဉ် လိုက်ပါသကဲ့သို့ ကိစ္စတစ်ခုကို ဆောင်ရွက်ရာ၌ ထိုကိစ္စနှင့်အကျုံးဝင်ရာကိစ္စများပါ တစ်ပါတည်း ပြီးစီးသွားသည့်သဘောဖြစ်သည်။ ဥပမာ မုန့်လုံးရေပေါ်ကို စားသုံးရန်ဝယ်လျှင် အလယ်က ထန်းလျက်ဖိုးငွေမပေးရဘဲ ထန်းလျက်ပါရသကဲ့သို့ ဖြစ်သည်။

ထို့ကြောင့် အသိပညာပေး လမ်းညွှန်မှုများပြုကြသောအခါ ယနေ့အချို့သောလူတို့သည် ယခင်လူတို့နှင့် ကွာခြားသောကြောင့် အပြောနည်းနည်းဖြင့် အလုပ်များများဖြစ်မြောက်စေမည့် နည်းလမ်းဖြင့်သာ အထက်ပါဥပမာ၊ ဥပမေယျတို့အတိုင်း လိမ္မာပါးနပ်စွာ ဆောင်ရွက်သင့်သည်။

သို့မှသာ မိမိတို့အလုပ်နှင့်ရည်မှန်းချက်များ အောင်မြင်မည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

## လူမှုဖူလုံရေးအာမခံအကျိုးခံစားခွင့် စိစစ်ရေးကတ်ပြား ထုတ်ပေးမည်

**ရန်ကုန် ဒီဇင်ဘာ ၂၇**

"လူမှုဖူလုံရေး အာမခံအလုပ်သမားများရဲ့ ကိုယ်ရေးအချက်အလက်တွေကို လူမှုဖူလုံရေးရုံးခွဲတိုင်းက မိမိတို့အစွမ်းအစများနဲ့ ထည့်သွင်းနိုင်မှသာ အဓိကအရေးအကြီးဆုံးလုပ်ငန်းစဉ်ဖြစ်တဲ့ လူမှုဖူလုံရေးအာမခံစိစစ်ရေးကတ်ပြားများကို စနစ်တကျထုတ်ပေးနိုင်မှာဖြစ်ပါတယ်။

အာမခံစိစစ်ရေးကတ်ပြားများဟာ အာမခံအလုပ်သမားများအတွက် အလွန်အရေးကြီးတဲ့ အထောက်အထားတစ်ခုဖြစ်သလို မိမိတို့ဌာနရဲ့ ဝန်ဆောင်မှုပေးရန်အထောက်အထားတစ်ခုလည်းဖြစ်ပါတယ်။ အာမခံအလုပ်သမားတစ်ဦးဟာ ဒီကတ်ပြားကိုကိုင်တွယ်ပြသပြီးဖြစ်စေ၊ အာမခံအမှတ်ကို ဖော်ပြပြီးဖြစ်စေ မိမိထည့်ဝင်ထားတဲ့ထည့်ဝင်ကြေးနဲ့ မိမိတို့ခံစားခဲ့ရတဲ့ အကျိုးခံစားခွင့်စတဲ့စုံစမ်းလိုသော အကြောင်းအချက်တွေကို လူမှုဖူလုံရေးရုံး၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် တိကျမှန်ကန်စွာသိရှိနိုင်တဲ့ အခြေအနေအထိ ရောက်အောင် ဆောင်ရွက်သွားမှာဖြစ်လို့ သင်တန်းသားများအနေနဲ့ အရေးကြီးတဲ့လုပ်ငန်းစဉ်တစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန်အတွက်ဖြစ်ကြောင်း၊ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ဖွင့်လှစ်သည့် အခြေခံ ကွန်ပျူတာသင်တန်း အမှတ်စဉ် (၄/၂၀၁၃) သင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ကမ်းနားလမ်း သခင်မြပန်းခြံအနီး လူမှုဖူလုံရေးရုံးဧည့်ရိပ်သာ၌ကျင်းပရာ အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အထက်ပါအတိုင်း ပြောကြားသွားခဲ့သည်။

အဆိုပါသင်တန်းသို့ လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ အငယ်တန်းစာရေးဝန်ထမ်း အမျိုးသား၊ အမျိုးသမီး ၇၀ တက်ရောက်ပြီး သင်တန်းကာလမှ ရက်သတ္တသုံးပတ် ကြာမြင့်ကာ အခြေခံကွန်ပျူတာကိုင်တွယ်နည်း၊ ရုံးလုပ်ငန်းနှင့် လူမှုဖူလုံရေးဥပဒေဆိုင်ရာများနှင့် ကွန်ပျူတာဖြင့်အာမခံအလုပ်သမားစာရင်းသွင်းပြုစုရေးဆိုင်ရာ ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(စောသိန်းဝင်း)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)

- ၆း၀၀ ပရိတ်တရားတော် (ဒါရိုက်တာ-သီဟတင်သန်း)
- ၆း၅၀ "နှစ်တိုင်းနွဲပျော် ကွမ်းဖလားဘုရားပွဲတော်"
- ၇း၂၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း
- ၈း၃၀ "လောကရဲ့အလှရတနာ"
- ၁၂း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း "စူးနင့်နက်နဲစွာ" (လူမင်း၊ မျိုးသန္တာထွန်း၊ လင်းလက်)
- ၄း၃၀ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် -တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
- ၄း၄၅ "မြင်သူရှုမဝ၊ မြန်မာ့အမျိုးသမီးအလှ"
- ၆း၂၀ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၆း၄၀ "ဆီးဂိမ်းပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် စက်ဘီးကွင်းများ"
- ၇း၄၀ "တိုးတက်ခေတ်မီကဏ္ဍစုံလင်ဖို့ ပြည်သူ့ဝန်ဆောင်မှုမီဒီယာဆီသို့" (ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်)
- ၈း၃၅ ကြယ်ပွင့်များရဲ့ အထင်ကရတေးများ
- ၉း၀၀ ပြည်တွင်းသတင်း -ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် -"ချစ်သော. . . ဘာဘီ" (မင်းသစ်၊ ခရစ္စတီးနား၊အိန္ဒြာမိုးမြင့်၊ ဝင်းသီရိထိုက်) (ဒါရိုက်တာ-ရဲထွန်းမြတ်)



**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားလျှောက်ထားသုံးစွဲမှုများအား လျင်မြန်ချောမွေ့စွာ သုံးစွဲခွင့်ရရှိနိုင်ရန်အတွက် အဆင့်များဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိရာ ဓာတ်အားသုံးစွဲလိုသူပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မည့် အစီအစဉ်များအား ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ငွေသွင်းကောင်တာများနှင့် လူစည်ကားရာနေရာများ၌ ကြော်ငြာများဖြင့် အသိပေးအကြောင်းကြားဆောင်ရွက်ထားရှိကြောင်း သိရသည်။

## မီတာနှင့် ထရန်စဖော်မာများ လျင်မြန်ချောမွေ့စွာတပ်ဆင်ပေး

အဆိုပါကြော်ငြာများတွင် သတ်မှတ်ချက်အထောက်အထားများနှင့် ကိုက်ညီမည်ဆိုပါက အိမ်သုံးမီတာကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှပင် နေ့ချင်းပြီးတပ်ဆင်ပေးမည်ဖြစ်ပြီး ယာယီမီတာ၊ အိမ်သုံးနှင့် စက်မှုသုံးပါဝါမီတာများကို ငါးရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ခွင့်ပြုတပ်ဆင်ပေးမည်ဖြစ်ကြောင်းနှင့် ထရန်စဖော်မာများတပ်ဆင်ရာ၌ ရုံးချုပ်မှတစ်လအတွင်း တပ်ဆင်ခွင့်ပြုမိန့် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှသိရသည်။

**(ကြေးမုံ)**







## နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များ၌ အမျိုးသားနေ့အခမ်းအနားများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အမျိုးသားပညာရည်မြင့်မားရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးဟူသော ဦးတည်ချက်များနှင့်အညီ ကျင်းပသော ၂၀၁၃ ခုနှစ် (၉၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ကျင်းပရာ (၉၃)နှစ်မြောက်အမျိုးသားနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာစန်းလွင်၊ ဒေါက်တာသန်းအောင်၊ ဦးသန်းဆွေ၊ နေပြည်တော်ကောင်စီဝင် ဦးဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

### နေပြည်တော် ပျဉ်းမနား

ရှေးဦးစွာ နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆို၍ (၉၃)နှစ်မြောက်အမျိုးသားနေ့အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော(၉၃)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို နေပြည်တော် ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမော်ကဖတ်ကြားသည်။

ဆက်လက်၍ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့်ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများက(၉၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲတို့တွင် ဆုရရှိကြသည့်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် ပျဉ်းမနားမြို့အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းကိုသီဆိုဖျော်ဖြေပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

### နေပြည်တော် ဇမ္ဗူသီရိ

ထိုမှတစ်ဆင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့်ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်၊ ဦးသန်းဆွေနှင့်တာဝန်ရှိသူများသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆)အခြေခံပညာအထက်ကျောင်းတွင် ကျင်းပသည့် (၉၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်ကြရာ ဇမ္ဗူသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း(ထ/ ခွဲ) မှ ကျောင်းသား ကျောင်းသူများက ပြည်မြန်မာသီချင်းကို သီဆိုပြီးအခမ်းအနားကိုဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၃)နှစ်မြောက် အမျိုးသားနေ့ သဝဏ်လွှာကို ဇမ္ဗူသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက ဖတ်ကြားသည်။

ဆက်လက်၍ တာဝန်ရှိသူတို့က (၉၃)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကာအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

### နေပြည်တော် လယ်ဝေး

အလားတူ နေပြည်တော် လယ်ဝေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင်ကျင်းပသော (၉၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(၉၃)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ မြို့နယ်အလိုက် စည်ကားသိုက်မြိုက်စွာကျင်းပကြကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

## မန္တလေး၌ သက်ကြီးစာပေပညာရှင်များအား ကန်တော့

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ရှိ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲကို နိုဝင်ဘာ ၂၇ ရက် (အမျိုးသားနေ့) နံနက် ၉ နာရီတွင် မန္တလေးမြို့ (၂၆)လမ်း ပွဲကုန်းလမ်းမတန်း ချမ်းသာကြီး ဆန်လှူအသင်းတိုက်ရှိ ရွှေပြည်ညွန့်ဓမ္မဗိမာန်၌ ကျင်းပသည်။

အဆိုပါကန်တော့ပွဲကို မန္တလေးမြို့မှကဗျာချစ်သူ၊ စာချစ်သူများက စီစဉ်ကျင်းပခြင်းဖြစ်ပြီး မန္တလေးမြို့မှ အသက် (၇၀) ကျော်ပြီဖြစ်သော ကဗျာဆရာ၊ စာရေးဆရာ၊သတင်းစာဆရာကြီးများအား ကန်တော့ခြင်းဖြစ်သည်။ ကန်တော့ခံဆရာကြီးများမှာ အမရပူရတောင်လေးလုံးကျောင်းတိုက်ဆရာတော် စာရေးဆရာ ကိုပညာ (အမရပူရ)၊ ဆရာကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာဦးမြသောင်း၊ ဆရာကြီးနတ်မောက်ထွန်းရှိန်၊ ဆရာမောင်ဘနောက်၊ ဆရာဦးသစ်လွင်(လူထု)၊ ဆရာဦးဖုန်းမြင့်အောင်၊ ဆရာမောင်သာပို၊ ဆရာရွှေရိုး(မန္တလေး)၊ ဆရာ တက္ကသိုလ်မောင်ထွန်းဝေနှင့် ဆရာမန္တလေးမောင်အောင်ခင်တို့ဖြစ်ပြီး ဆရာကြီးတစ်ဦးလျှင် ငွေကျပ်ငါးသောင်းနှင့် ကန်တော့ပစ္စည်းများဖြင့် ကဗျာချစ်သူ၊ စာချစ်သူများကစုပေါင်းကန်တော့ကြသည်။**(အောက်ပုံ)**

အခမ်းအနားမတက်ရောက်ဖြစ်သောဆရာကြီးများအား နိုဝင်ဘာ ၂၈ရက်တွင် အိမ်တိုင်ရာရောက်သွားရောက်ကန်တော့သွားမည်ဖြစ်သည်။

စာဆိုတော်နေ့အကြို သက်ကြီးစာပေပညာရှင်များအား ကန်တော့ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၂၆ ရက် ည ၇ နာရီတွင် အဆိုပါ ချမ်းသာကြီးဆန်လှူအသင်းတိုက်ရှိ ရွှေပြည်ညွန့်ဗိမာန်တော်ကြီး၌ ဆရာတော်ဦးတေဇနိယ(စာရေးဆရာတက္ကသိုလ်တေဇာလင်း)၏ ဓမ္မသဘင်ပွဲဆင်ယင်ကျင်းပပြီး နိုဝင်ဘာ ၂၇ ရက် ည ၇ နာရီတွင် စာရေးဆရာ ဆူးငှက်နှင့် စာရေးဆရာမ ခင်ခင်ထူးတို့က စာပေယဉ်ကျေးမှုဆိုင်ရာ သုတ၊ ရသများ ဟောပြောကြသည်။ **(ဝဝ၂)**



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၂၅ | မေတ္တာပို့ |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၈း၁၀ | ရှေးဟောင်းသုတ |
| ၄း၂၅ | ချစ်တူစုံတွဲတူယှဉ်နွဲ |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၄း၅၀ | မွေးမြူသုတ |
| ၅း၂၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဒရမ်မာများရဲ့အရှင်သခင်” (အပိုင်း-၁၂) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ခေတ်သစ်အချစ်” (အပိုင်း-၅၁) |
| ၆း၃၅ | ကာတွန်းအစီအစဉ် “အာကာသသူရဲကောင်းလေးများ” (အပိုင်း-၁၅၄) |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့” (၁၃) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း<br>-အမျိုးသားရေးတေးကဗျာ<br>-ဒိုတာဝန်အရေး(၃)ပါး<br>-နိုင်ငံတကာသတင်း<br>-မိုးလေဝသသတင်း<br>-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုယ်ယုံကြည်သောချစ်ခြင်းဖြင့်” (အပိုင်း-၆၂)<br>-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ဂုဏ်ရည်မတူ” (ဒုတိယတွဲ) (အပိုင်း-၆၇) |



## မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမပေါ်၌ ခရီးသည်တင်ယာဉ်များ စည်းကမ်းမဲ့ လူအတင်အချပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်နေသော်လည်း မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ခုံးကျော်တံတား အောက်ရှိ (မီးပွိုင့်အနီး) ယာဉ်အသွားအလာများသည့် ဘုရင့်နောင်လမ်းမကြီးပေါ်တွင် သတိပေးဆိုင်းဘုတ်ဖြင့် အသိပေးတားမြစ်ထားသော်လည်း ခရီးသည်တင်ယာဉ်များ စည်းကမ်းမဲ့စွာ လူအတင်အချပြုလုပ်နေကြသည်ကို တွေ့ရသည်။**(ဝဲပုံ)**

**(ဝ၃၇)**

## သာကေတမြို့နယ်၌ အမျိုးသားနေ့ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အထက(၁) မြဝတီခန်းမဆောင်၌ (၉၃) နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော (၉၃) နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက ဖတ်ကြားကြောင်း သိရသည်။

**(မြချစ်)**



မြင်းပိုင်ရှင်မှ ပြန်လည်ဖမ်းဆီးလာသည်ကို တွေ့ရစဉ်။

## အငှားမြင်း သတိပြုထိန်းကျောင်းသင့်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရပ်ကွက်များအတွင်း မြင်းလှည်းဖြင့် ကလေးတစ်ယောက် ကျပ် ၁၀၀၊ လူကြီးတစ်ယောက် ကျပ် ၂၀၀ နှုန်းဖြင့် မောင်းနှင်နေပြီး နံနက် ၁၀ နာရီခွဲခန့်တွင် မြောက်ဥက္ကလာ(၅)ရပ်ကွက် ဆဒ္ဒါန်လမ်းနှင့် နှင်းဆီလမ်းထိပ်တွင် မြင်းအားလှည်းမှဖြုတ်ပြီး အနားပေးထားစဉ် နှင်းဆီလမ်းမအတိုင်း အနောက်မှ အရှေ့သို့ ထွက်ပြေးလာပြီး ဝေဘာဂီလမ်းမကြီးအတိုင်း မြောက်မှတောင်သို့ ကဆုန်ပေါက်၍ ခြောက်ကွေ့မီးပွိုင့်အား ဖြတ်ကျော်ထွက်ပြေးသွားခဲ့သည်။

ထိုမြင်းထွက်ပြေးသည်ကို မြင်းပိုင်ရှင်က ၁၅ မိနစ်ခန့်အကြာတွင်မှ သိ၍ ဆိုင်ကယ်ကယ်ရီငှားပြီး မြင်းထွက်ပြေးသောလမ်းအတိုင်း နောက်မှလိုက်ခဲ့ရာ ဝေဘာဂီမြို့သစ်ရပ်ကွက် ဝေဘာဂီလမ်းမကြီးဘေး တာဝါတိုင်ရှေ့တွင် အစာစားနေသောမြင်းအား ပိုင်ရှင်မှ အလွယ်တကူပြန်လည်ဖမ်းဆီးနိုင်ခဲ့သည်။ ယင်းမြင်းထွက်ပြေးသော်လည်း အန္တရာယ်တစ်စုံတစ်ရာဖြစ်ပေါ်မှု မရှိကြောင်း သိရသည်။

**(ထွန်းဝင်း)**




တရုတ်၏ လေကြောင်းရန် ကာကွယ်ရေးဇုန်နှင့် ဂျပန်၏ လေကြောင်းရန် ကာကွယ်ရေးဇုန်ထပ်နေသည်ကို ပြသသော မြေပုံ။

# တရုတ်လေကြောင်းရန် ကာကွယ်ရေးဇုန်အတွင်း အမေရိကန် ဗုံးကြဲလေယာဉ်များ ပျံသန်းခဲ့သည်ဟုဆို

ပေကျင်း နိုဝင်ဘာ ၂၇

**တရုတ်နိုင်ငံ၏ နောက်ဆုံးကြေညာထားသော လေကြောင်းရန် ကာကွယ်ရေးဇုန်အတွင်း အမေရိကန် ဗုံးကြဲလေယာဉ်နှစ်စင်း ဖြတ်သန်းပျံသန်းခဲ့ကြောင်း ၎င်း၏ ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ဖော်ပြောကြားသည်။**

အမေရိကန် ဘီ-၅၂လေယာဉ်နှစ်စင်းသည် အင်္ဂါနေ့တွင် တရုတ်တို့ကို အကြောင်းကြားခြင်းမပြုဘဲ အရှေ့တရုတ်ပင်လယ်အတွင်းရှိ ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းပေါ်ဖြတ်၍ ပျံသန်းခဲ့ကြသည်။ တရုတ်၏လေကြောင်းရန် ကာကွယ်ရေး စည်းမျဉ်းများကို စိန်ခေါ်လိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံက လေကြောင်းရန် ကာကွယ်ရေးဇုန် သတ်မှတ်ခြင်းကို အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့က ပြင်းထန်စွာကန့်ကွက်သည်။

တရုတ်နိုင်ငံသည် လက်ရှိအခြေအနေကိုပြောင်းလဲရန်နှင့် ဒေသတွင်း တင်းမာမှုအရှိန်မြင့်လာစေရန် ကြိုးစားနေကြောင်း ၎င်းတို့က စွပ်စွဲသည်။

တရုတ်နိုင်ငံက စနေနေ့တွင် ကြေညာခဲ့သော လေကြောင်းရန် ကာကွယ်ရေးဇုန်သည် ဂျပန်နိုင်ငံက သတ်မှတ်ထားသော လေကြောင်းရန် ကာကွယ်ရေးဇုန်နှင့် ထပ်နေသည့်အပြင် ဂျပန်နိုင်ငံက ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု အငြင်းပွားလျက်ရှိသော ကျွန်းများသည်လည်း ယင်းဇုန်အတွင်း ပါဝင်နေသည်။

ဂျပန်ဘာသာအားဖြင့် ရှင်ကာကူ၊ တရုတ်ဘာသာအားဖြင့် ဒိုင်အိုယူဟုခေါ်သည့်ကျွန်းများကို ပိုင်ဆိုင်ကြောင်း အငြင်းပွားမှုသည် နှစ်နိုင်ငံအကြား တင်းမာမှုများ ဖြစ်ပေါ်စေသည်။

တရုတ်နိုင်ငံ ကြေညာချက်သည် တရားမဝင်ကြောင်း ပြောကြားပြီး လေကြောင်းလိုင်းများအား တရုတ်တို့ကို ပျံသန်းရေးအကြောင်းကြားမှု မပြုလုပ်ကြရန် ဂျပန်နိုင်ငံကခိုင်းစေခဲ့သည်။

ဗုံးကြဲလေယာဉ်များ ပျံသန်းနေစဉ်အတွင်း ပုံမှန်လုပ်ထုံးလုပ်နည်းများကိုသာ အမေရိကန်တို့က လိုက်နာမည်ဖြစ်ကြောင်း ပင်တဂွန်တာဝန်ရှိသူတစ်ဦးက ပြောသည်။ **ဘီဘီစီ။**

# အီရတ်နိုင်ငံအလယ်ပိုင်းရှိ စစ်အခြေစိုက်စခန်းတွင် တိုက်ခိုက်မှုဖြစ်ပွား ရှစ်ဦးသေဆုံး၊ ၂၀ဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၇**

အီရတ်နိုင်ငံအလယ်ပိုင်းရှိ စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းတစ်ခုတွင် နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းက အသေခံဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွားရာ လူရှစ်ဦးထက်မနည်းသေဆုံး၍ ၂၀ခန့် ဒဏ်ရာရရှိကြောင်း ယနေ့သတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၄၀ခန့်ကွာဝေးသော တာမီရတ်ဒေသရှိအီရတ်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်း တပ်မဟာ ၂၂ ရှိရာသို့ အသေခံဗုံးခွဲသမားနှစ်ဦး ဝင်ရောက်လာပြီး အသေခံဗုံးခွဲလိုက်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် မည်သည့်အုပ်စုလက်ချက်ဖြစ်သည်ကို အခိုင်အမာပြောကြားနိုင်မှု မရှိသော်လည်း အယ်လ်ခိုင်ဒါစစ်သွေးကြွများ၏ လက်ချက်ပင် ဖြစ်မည်ဟု ယုံကြည်ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

မကြာသေးမီ နှစ်များအတွင်း အီရတ်၌ အကြမ်းဖက်မှုများ ပိုမိုဆိုးရွားလာကြောင်း၊ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း အကြမ်းဖက်လုပ်ရပ်များကြောင့် အီရတ်ပြည်သူ ၇၀၀၀ နီးပါး သေဆုံး၍ ၁၆၀၀၀ ကျော်ဒဏ်ရာရရှိခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ **ဆင်ဟွာ။**






ရီဂါမြို့တွင် မက်စီမာကုန်တိုက် ပြိုကျပြီး တွေ့ရစဉ်။

# လတ်ဗီးယားတွင် ကုန်တိုက်ပြိုကျခဲ့သဖြင့် ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ တာဝန်ယူနုတ်ထွက်

ရီဂါ နိုဝင်ဘာ ၂၇

**လတ်ဗီးယားနိုင်ငံ ရီဂါမြို့တွင် လူအများအပြားသေဆုံးခဲ့ရသည့် ကုန်တိုက်ကြီးတစ်ခုပြိုကျသွားခြင်းနှင့် ပတ်သက်၍ ဝန်ကြီးချုပ် ဗောလ်ဒစ်ဒွန်ဗဂိုဗက်စ်ကီက ရာထူးမှနုတ်ထွက်လိုက်ရာ ၎င်း၏အစိုးရအဖွဲ့သည်လည်း ပြုတ်ကျသွားပြီဖြစ်ကြောင်း ဗုဒ္ဓဟူးနေ့ဘီဘီစီသတင်းတွင်ဖော်ပြသည်။**

ဝန်ကြီးချုပ်သည် သမ္မတ အန်ဒရစ်ဘားဇင်နှင့် တွေ့ဆုံပြီးနောက် ယင်းသို့ ကြေညာခြင်းဖြစ်ကြောင်း လက်ဗီးယန်နှင့် အခြားမီဒီယာများက ပြောကြားသည်။

ပေါ်ပေါက်လာသောအခြေအနေများကို ဖြေရှင်းပေးနိုင်စွမ်းရှိသော အစိုးရအဖွဲ့တစ်ဖွဲ့ကို နိုင်ငံကလိုအပ်လျက်ရှိသည်ဟု ၎င်းက ပြောကြားကြောင်း ဘောလ်တစ်သတင်းဌာန ဒဲလ်ဖီက ကိုးကားဖော်ပြသည်။

လွန်ခဲ့သည့် ကြာသပတေးနေ့တွင် ကုန်တိုက်ကြီးပြိုကျခဲ့ရာ အနည်းဆုံး ၅၄ဦးသေဆုံးခဲ့သည်။

မက်စီမာ ကုန်တိုက်ပြိုကျ၍ လူသေဆုံးရခြင်းကို လူသတ်မှုအဖြစ် သမ္မတ ဘားဇင်က စောစောပိုင်းတွင် ပြောဆိုခဲ့သည့်အပြင် မည်ကဲ့သို့ဖြစ်ပျက်ရသည်ကို စုံစမ်းစစ်ဆေးပေးရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်တို့အားလည်း တောင်းဆိုခဲ့သည်။

အဆိုပါကြေကွဲဖွယ်ရာဖြစ်ရပ်ဆိုးအတွက် အစိုးရအဖွဲ့က ၎င်းတို့တွင်တာဝန်ရှိသည်ဟု ခံယူကြောင်း ဝန်ကြီးချုပ်၏ ပြောရေး ဆိုခွင့်ရှိသူက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

လတ်ဗီးယားသည် ၁၉၉၁ခုနှစ်တွင် ရုရှားလက်အောက်မှ လွတ်လပ်ရေးရရှိပြီးနောက် ဤဖြစ်ရပ်သည် အများဆုံး အသက်ဆုံးရှုံးခြင်းဖြစ်သည်။ **ဘီဘီစီ။**



# ပီရူးနိုင်ငံတွင် မူးယစ်ဆေးဝါး ကိုးတန်နီးပါးဖျက်ဆီး

**လီမာ နိုဝင်ဘာ ၂၇**

ပီရူးနိုင်ငံတွင် မူးယစ်စေသော၊ စိတ်ကို ပြောင်းလဲထိုင်းမှိုင်းစေသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစစ်ဆင်မှုတစ်ရပ်ကို နိုဝင်ဘာ ၂၆ရက်က ပြုလုပ်ကြောင်း၊ စစ်ဆင်ရေးအတွင်း မူးယစ်ဆေးဝါး တိုက်ဖျက်ရေး တပ်ဖွဲ့ဝင်များက သိမ်းဆည်းရမိသော မူးယစ်ဆေးဝါး ကိုးတန်နီးပါးကို ဖျက်ဆီးပစ်လိုက်ကြောင်း နိုဝင်ဘာ ၂၇ရက် သတင်းတွင် ဖော်ပြသည်။

ပီရူးပြည်ထဲရေးဝန်ကြီး ဝေါလ်တာအယ်လ်ဘန်ကိုယ်တိုင်ကြီးကြပ်၍ အမျိုးသားရဲတပ်ဖွဲ့စခန်းဌာနချုပ်တွင် မူးယစ်ဆေးဝါး ကိုးတန်နီးပါးကို ဖျက်ဆီးခြင်းဖြစ်သည်။

ယခုနှစ် ယခုအချိန်အထိ တရားမဝင် စိုက်ပျိုးထားသော ကိုကာပင် ၂၂၅၄၃ ဟက်တာကို ဖျက်ဆီးပြီးဖြစ်ကြောင်း၊ ယင်းသို့အပင်များအား ဖျက်ဆီးခြင်းအားဖြင့် ကိုကင်း ၁၇၃တန် ထုတ်လုပ်မှုကို ကြိုတင်တားဆီးနိုင်သဖြင့် မူးယစ်ဆေးဝါးကို ချေမှုန်းသုတ်သင်ခြင်း တစ်မျိုးဖြစ်ကြောင်း အယ်လ်ဘန်က ပြောကြားသည်ဟု သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**





# သမဝါယမမှ ဆောင်ရွက်နေသော လုပ်ငန်းများသည် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်ဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၂၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်အတွင်းရှိ မြို့နယ်သမဝါယမအသင်းစု၊ အခြေခံသမဝါယမအသင်းများမှ အသင်းဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အသင်းသားများ၊ အမှုဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက Microfinance လုပ်ငန်းသည် ငွေအနည်းငယ်နှင့် ချေးပေးသော စနစ်ဖြစ်သော်လည်း ယနေ့အချိန်တွင်မူ အသင်းသားပြည်သူများ၏ လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်ပြီး တိုးမြှင့်ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အသင်းသားပြည်သူများအား ဘီလီယံ ၁၃၀ ကျော်ထုတ်ချေးထားပြီးဖြစ်သော်လည်း ဒီဇင်ဘာလတွင် ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် ဘီလီယံ ၅၀ ကျော်နှင့် ၂၀၁၄ ခုနှစ် ဧပြီနှင့် မေလတွင် မိုးသီးနှံစိုက်ပျိုးရန်အတွက် ဘီလီယံ ၅၀ ကျော် ထုတ်ချေးပေးရန် လျာထားပါကြောင်း၊ ယနေ့ဆောင်ရွက်ပေးနေသော ငွေများသည် နိုင်ငံတော်၏ ဘတ်ဂျက်မဟုတ်ဘဲ ဝန်ကြီးဌာန၏အစီအမံဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း။

အသင်းသားများအနေဖြင့် ရယူသောချေးငွေ၏ ၁၀ ရာခိုင်နှုန်းအား စုဆောင်းငွေအဖြစ်ထားရှိရမည်ဖြစ်ပြီး အသင်းသားများ၏ အစုစာရင်းမပျောက်ပျက်စေရန်အတွက် အစုစာရင်းစာအုပ်များကို အသင်းသားများထံ၌ လည်းကောင်း၊ အခြေခံအသင်းထံ၌လည်းကောင်း၊ မြို့နယ်သမဝါယမအသင်းစု၌လည်းကောင်း၊ ဦးစီးဌာန၌ လည်းကောင်း လေးနေရာခွဲ၍ စနစ်တကျသိမ်းဆည်းထားပါကြောင်း။

ယနေ့ သမဝါယမမှ ဆောင်ရွက်နေသော လုပ်ငန်းများသည် အသင်းသားပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရန်အတွက် ဖြစ်နိုင်သော၊ ထိရောက်သောအခြေခံနည်းများပင်ဖြစ်ပါကြောင်း၊ သို့သော်လည်း အသေးစားချေးငွေလုပ်ငန်းဆောင်ရွက်ရုံမျှဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်ရန် မလုံလောက်ဘဲ ကုန်ထုတ် ကုန်သွယ်လုပ်ငန်းများပါ ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ လယ်ယာလုပ်ငန်းလုပ်ကိုင်သော သမဝါယမအသင်းများအနေဖြင့် လိုအပ်သောလယ်ယာသုံး စက်မှုပစ္စည်းများကိုဝယ်ယူလိုပါက အရစ်ကျစနစ်ဖြင့် တစ်ဦးချင်းဖြစ်စေ၊ ဝိုင်းကြီးချုပ်စနစ်ဖြင့်ဖြစ်စေ၊ ဝယ်ယူရရှိနိုင်ရေး ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အပြင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလိုပါက ဝန်ကြီးဌာနဘက်မှကူညီပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက တစ်ဦးချင်းဖြစ်စေ၊ အသင်းလိုက်ဖြစ်စေ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ဝန်ဆောင်မှုလုပ်ငန်းများအနေဖြင့် ဆိုက်ကား၊ အပ်ချုပ်စက်၊ တည်းခိုခန်း စသည့် လုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လိုပါက ကူညီပံ့ပိုးပေးသွားမည်ဟု ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)

| | |
|---|---|
| ၅း၄၀ | "မီးမလောင်စေနဲ့" တရားတော် [အရှင်ပါကဋ္ဌာလင်္ကာရ (ဓမ္မပါလ)] |
| ၆း၂၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး"(အပိုင်း-၂၅) |
| ၇း၁၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၁၄) |
| ၈း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသော နှလုံးသား" (အပိုင်း-၈) |
| ၉း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ပင်လယ်ပျော်ချစ်သူလေး" (အပိုင်း-၁၆) |

## သမဝါယမလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၇**

သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းသည် သမဝါယမအသင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဖြူ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့ သာသနာ့ဗိမာန်၌ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ အသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများ၊ အခြေခံအသင်းအမှုဆောင်အဖွဲ့ဝင်များ၊ အခြေခံသမဝါယမအသင်းသားများနှင့် တွေ့ဆုံ၍ သမဝါယမသမိုင်းအကျဉ်း၊ နိုင်ငံတကာတွင်အောင်မြင်နေသော သမဝါယမလုပ်ငန်းများ၊ အစိုးရသစ်လက်ထက်တွင် သမဝါယမနှင့် ပတ်သက်သောမူဝါဒ၊ ယနေ့ သမဝါယမဝန်ကြီးဌာနမှ ချမှတ်ဆောင်ရွက်လျက်ရှိသော ဦးတည်ချက်(၂)ရပ်နှင့် လုပ်ငန်းစဉ်(၅)ရပ်၊ သမဝါယမအဆင့်မြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းများအား လတ်တလောအဆင်ပြေစေရုံသာမက ရေရှည်မိမိကိုယ်ကိုရပ်တည်နိုင်အောင် ဆောင်ရွက်ပေးမည့်အစီအစဉ်များအား ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် အသင်းသားများ၏တင်ပြဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စည်းကမ်းမဲ့ရပ်ထားသောယာဉ်ကြောင့် လမ်းပိတ်ဆို့မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မြို့တော်အင်္ဂါရပ်နှင့်အညီ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရန် ရန်ကုန်မြို့ ယာဉ်ကြောများ၌ ယာဉ်မရပ်ရနယ်မြေများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြေညာချက်ထုတ်ပြန်ခဲ့သော်လည်း အချို့သောယာဉ်များသည် စည်းကမ်းလိုက်နာမှုမရှိဘဲ လမ်းမကြီးပေါ်တွင် စည်းကမ်းမဲ့ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသောကြောင့် ယာဉ်စည်းကမ်းကြီးကြပ်မှုကော်မတီမှ ကရိန်းဖြင့် ဖယ်ရှားရှင်းလင်းလျက်ရှိသည်။

သို့သော်လည်း လှိုင်မြို့နယ် ဘူတာရုံလမ်း လှိုင်ဈေးကြီးရှေ့တွင် လမ်းဘေးစည်းကမ်းမဲ့ဈေးသည်များနှင့် လမ်းဘေးမကျ၊ လမ်းလယ်မကျ ရပ်ထားသောယာဉ်ကြောင့်လမ်းပိတ်ဆို့မှု ဖြစ်ပွားနေသည်ကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တွေ့မြင်ခဲ့ရသည်။ **(အောက်ပုံ)** **(၆၈၆)**



## ဆင်ပေါင်ဝဲမြို့နယ်တွင် GSM ဆင်းကတ်များ ပဉ္စမအကြိမ် ရောင်းချ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၇**

ဆင်ပေါင်ဝဲမြို့နယ်တွင် ကျပ် ၁၅၀၀ တန် GSM ဆင်းကတ် ၃၀၀ ကို နိုဝင်ဘာ ၂၃ ရက်က ပဉ္စမအကြိမ် ထပ်မံရောင်းချပေးခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ပြည်သူများ ကျေနပ်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## မြန်အောင်-ဟသ်ာတ အဝေးပြေးလမ်းမကြီးမှ လမ်းပျက်အား ပြုပြင်ပေးစေလို

**မြန်အောင် နိုဝင်ဘာ ၂၇**

မြန်အောင်-ဟသ်ာတအဝေးပြေးလမ်း မြန်အောင်မြို့နယ် ပေကုန်းကျေးရွာနှင့် ကွမ်းခြံကုန်းကျေးရွာကြားတွင် ရေမြောင်းဖောက်လုပ်ရန်ချန်ထားသော လမ်းပျက်နှစ်ခုရှိသည်။

ထိုလမ်းပျက်နှစ်ခုမှာ အရှည်လေးပေနီးပါးခန့်ရှိပြီး ကား၊ ဆိုင်ကယ်မောင်းသူများမှာ ထိုလမ်းပျက်နားသို့ရောက်မှသာသိရှိကြရပြီး အရှိန်မထိန်းနိုင်ဖြစ်ကာ ဆိုင်ကယ်မှောက်ပြီး ဒဏ်ရာများရခြင်း၊ သေဆုံးသည်အထိ ဖြစ်ခဲ့ခြင်းများရှိခဲ့သည်။

ဒေသခံဆိုင်ကယ်မောင်းသူများအနေဖြင့် ထိုလမ်းပျက်နှစ်ခုရှိသည်ကို သိသော်လည်း တစ်ခါတစ်ရံဖြတ်သန်းသွားလာသော ဆိုင်ကယ်စီးနင်းသူ ဧည့်သည်များမှာ ထိုလမ်းပျက်နှစ်ခုကြောင့် ဆိုင်ကယ်တိမ်းမှောက်မှုများ မကြာခဏဖြစ်နေပါသဖြင့် သက်ဆိုင်ရာမှ ထိုလမ်းပျက်နှစ်ခုအား အမြန်ဆုံးပြုပြင်ပေးနိုင်ပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**နေဝင်းဇော်(မြန်အောင်)**




# ရုံးခန်းနေရာ ပြောင်းရွှေ့ဖွင့်လှစ်ခြင်း

**DYNAMIC ENGINEERING AND GENERAL TRADING CO.,LTD.**

ရုံးခန်းကို No.242, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မှ No.123/133 ၊ အခန်း (4-B) ၊ ၄လွှာ၊ PANSODAN BUSINESS TOWER အနော်ရထာလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်သို့ ပြောင်းရွှေ့ဖွင့်လှစ်ကြောင်း အသိပေးအပ်ပါသည်။

ဆက်သွယ်ရန် ဖုန်းနံပါတ်-

**Ph: 01-381228, 01-381229, 01-392665**

**Email : dynamicenegineering1@ gmail.com**

# ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း

**ခန်းနီလာဝင်း**

ခြံဟူသမျှစည်းရှိရသည်။ မြစ်ဟူသမျှ ကမ်းရှိရသည်။ စည်းသည်ပထဝီမြေအနေအထား၏ နယ်နိမိတ်အကျယ်အဝန်းကို ကန့်သတ်သတ်မှတ်ထားခြင်းပင်ဖြစ်သည်။ ကမ်းသည် ရေပြင်၏အကျယ်အဝန်းအတိုင်းအတာကို ကန့်သတ်ထားခြင်းပင်ဖြစ်သည်။ ထိုသို့ စည်းနှင့်ကမ်းနှင့် သတ်မှတ်ထားရှိရသလို လူမှုလောကနယ်ပယ်တွင်လည်း စည်းကမ်းများ၊ ဥပဒေသတ်မှတ်ပြဋ္ဌာန်းချက်များ ထားရှိရသည်။

လူမှုရေးနယ်ပယ်တွင် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များ၊ ကန့်သတ်ထားရှိခြင်းကို မြန်မာမှု စကားများတွင် "ရဟန်းမှာဝိနည်း၊ ရွာကြီးမှာစည်းရိုး၊ လူမျိုးမှာစည်းကမ်း"ဟူ၍ လည်းကောင်း၊ "လယ်မှာကန်သင်း၊ ယာမှာ စည်းတွင်း"ဟူ၍ လည်းကောင်း ဆိုရိုးစကားများရှိနေသည်။ သူ့စည်းကိုယ့်စည်း၊ သူ့တာကိုယ့်တာ၊ သူ့နယ်ပယ်ကိုယ့်နယ်ပယ်အလိုက် လိုက်နာကျင့်သုံးရမည့် လူမှုရေးဆိုင်ရာအကန့်အသတ်ပြဋ္ဌာန်းချက်များသည် စည်းကမ်းနှင့် ဥပဒေဟူသော ဝေါဟာရများ၏ အဓိပ္ပာယ်ကို အမြဲဖော်ဆောင်နေလျက်ရှိသည်။

စာရေးသူ၏ သမီးဖြစ်သူသည် အဆင့်မြင့်ဓာတုအင်ဂျင်နီယာပညာရှင်အဖြစ် ဂျပန်နိုင်ငံရှိ တိုကျိုမြို့တော်နှင့် ယိုကိုဟားမားမြို့၌ ပညာတော်သင်သွားရောက်လျက်ရှိရာ သူ့ထံမှပေးပို့လာသော အီးမေးလ်(email) စာများနှင့် အမှတ်တရဓာတ်ပုံများကို ကြည့်ရဖတ်ရသည့်အခါ ဂျပန်လူမျိုးတို့သည် စည်းကမ်းအလွန်လိုက်နာပြီး အိပ်ချိန်၊ နားနေချိန်မှလွဲ၍ အလုပ်ကို တစိုက်မတ်မတ်ကြိုးစားလုပ်ကိုင်နေကြသည်ကို အားရဖွယ် တွေ့ရှိရသည်။ မကြာသေးမီက စာရေးသူသည် အိန္ဒိယနိုင်ငံ၌ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်းပွဲတော်ကြီးသို့ တက်ရောက်ခွင့်ရရှိခဲ့ရာ ကမ္ဘာ့နိုင်ငံပေါင်း ၂၃ နိုင်ငံမှ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များနှင့် မီဒီယာပညာရှင်များအပါအဝင် စုစုပေါင်း ၇၃ ဦးတက်ရောက်ခဲ့ကြသဖြင့် တစ်ဦးနှင့်တစ်ဦး အသိအမြင်ချင်းဖလှယ်ဆွေးနွေးခွင့်ရရှိခဲ့သည်။ ထိုအထဲတွင် ဂျပန်နိုင်ငံရှိ GNH Holidays Travel Service မှ လုပ်ငန်းရှင် "တာဆူကာစီတို" (Tatsugo Saito)နှင့် ရင်းနှီးကျွမ်းဝင်ခဲ့ပြီး ဆွေးနွေးခွင့်ရရှိခဲ့သည်။ သူသည် အသက် (၇၅)နှစ်အရွယ်ရှိနေပြီး စာရေးသူထက်အသက်များစွာကြီးနေသော်လည်း လူငယ်လူရွယ်တစ်ဦးကဲ့သို့ ဖျတ်လတ်သွက်လက်နေသည်။ သူသည် ငယ်စဉ်အခါက ဆင်းရဲနွမ်းပါးလှ၍ စားသောက်ဆိုင်တွင် စားပွဲထိုးလုပ်ခဲ့ရာမှ မဆုတ်မနစ်ကြိုးစား ရှာဖွေခဲ့ခြင်းကြောင့် အသက် (၄၀)ကျော်အရွယ်တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်လာခဲ့ပြီး ယနေ့ဆိုလျှင် နိုင်ငံတော်တော်များများတွင် သူ၏ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံထားနိုင်သည့် သန်းကြွယ်သူဌေးကြီးတစ်ဦးဖြစ်နေပေပြီ။ အားရအားကျဖွယ်ကောင်းလေစွ။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခိုင်မာတည်တံ့မှုသည် လူတိုင်း၏ဥပဒေကိုလေးစားမှု၊ စည်းကမ်းလိုက်နာမှုနှင့် သက်ဆိုင်နေသည်။ စည်းကမ်းဆိုရာတွင် အနေအထိုင်အသွားအလာစည်းကမ်း၊ အပြောအဆိုစည်းကမ်း၊ အစားအသောက်အပြုအမူစည်းကမ်း၊ ဝတ်စား ဆင်ယင်မှုစည်းကမ်း၊ လူမှုရေးဆိုင်ရာ စည်းကမ်းကန့်သတ်ချက်များအပြင် ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များ စသည်တို့ပါဝင်ကြသည်။

လူနေမှုအဖွဲ့အစည်းတိုင်းတွင် သတ်မှတ်ပြဋ္ဌာန်းထားရှိသော စည်းကမ်း၊ စည်းမျဉ်းနှင့်ဥပဒေများကို အသိတရားနှင့် ယှဉ်၍လိုက်နာကျင့်သုံးကြရန် အစဉ်အမြဲလိုအပ်သည်။ ဒီမိုကရေစီလူနေမှုအဖွဲ့အစည်းတွင် အသိတရားနှင့် ယှဉ်၍ စည်းကမ်းရှိဖို့ပို၍ လိုအပ်သည်။ အချို့နေရာမျိုးတွင် မိမိ၏အကျိုးအတွက် မထိခိုက်စေကာမူ သူတစ်ပါး၏အကျိုးကို ထိခိုက်အနှောင့်အယှက်ဖြစ်စေမည့် စည်းကမ်းမဲ့စွာ ပြုမူဆောင်ရွက်ခြင်းမျိုးကို တွေ့ရ၏။ ဥဒါရတာဂုဏ်အားဖြင့် အမှိုက်မပစ်ရဟူသော နေရာမျိုးတွင် သူတစ်ပါးမမြင်အောင်စွန့်ပစ်ခြင်းမျိုး၊ ပန်းမခူးရဟူသော နေရာမျိုးတွင် ပန်းခူးခြင်းမျိုး၊ မြက်ခင်းပေါ် မနင်းရဟူသော နေရာမျိုးတွင် နင်းခြင်းမျိုး၊ တံတွေးမထွေးရ၊ ဆေးလိပ်မသောက်ရဟူသော နေရာမျိုးတွင် ကွမ်းတံတွေးထွေးခြင်း၊ ဆေးလိပ်သောက်ခြင်းမျိုး၊ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ရေဒီယို၊ ကက်ဆက် ကျယ်လောင်စွာဖွင့်ခြင်းမျိုး၊ ညဉ့်နက်အချိန်မတော် အော်ဟစ်ဆူပူခြင်း၊ ကျယ်လောင်စွာစကားပြောခြင်းမျိုးတို့ကို ဆိုလိုသည်။

စာရေးသူငယ်စဉ်ဘဝ သာယာဝတီခရိုင် စစ်ကွင်းမြို့ နိဂြောဓာရုံဘုန်းကြီးကျောင်း(မူလတန်းကျောင်း)တွင် နေခဲ့စဉ်က လိုက်နာသင်ကြားခဲ့ရသည့်

> **စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း ၎င်း၏မွှေးရနံ့ကို မစွန့်ပေ။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်ကိုရောက်သော်လည်း ရဲရင့်တင့်တယ်ခြင်းကို မစွန့်ပေ။ ကြံသည် ယန္တရားစက်ဖြင့် ကြိတ်သော်လည်း ချိုသောအရသာကိုမစွန့်ပေ။ ထိုကဲ့သို့ပင် နိုင်ငံသူနိုင်ငံသားကောင်းတို့သည် ဆင်းရဲဒုက္ခများနှင့် ကြုံတွေ့စေကာမူ မိမိတို့၏ ကိုယ်ကျင့်တရားနှင့် စည်းကမ်းကို လုံးဝပစ်ပယ်ခြင်းမရှိ။**

ပြည်သူ့နီတိကျင့်ဝတ်များကို ပြန်လည်အမှတ်ရမိသည်။ ဘုန်းကြီးကျောင်းပရိဝုဏ်ဖြစ်သည့်အလျောက် ကျောင်းပိုင်နက်နယ်မြေထဲသို့ ဝင်လိုက်သည်နှင့် ဖိနပ်ချွတ်ရခြင်း၊ ဆရာဆရာမများအလာကို ကျောင်းသားအချို့က အဝင်ဝမှစောင့်၍ ကြိုဆိုပြီး ဖိနပ်ကိုင်ပေးရခြင်း၊ ကစားကျောင်းဆင်းချိန်တွင် မြက်နုတ်ရခြင်း၊ တံမြက်စည်းလှည်းရခြင်း၊ အလှည့်ကျဆွမ်းခံလိုက်ရခြင်း၊ ညနေကျောင်းဆင်းလျှင် အိမ်တိုင်ရာရောက် တန်းစီလက်ပိုက်ကာပြန်ရခြင်း၊ နံနက် ၇ နာရီ ကျောင်းတက်ခေါင်းလောင်းထိုးသည်နှင့် အလံတိုင်ရှေ့တွင်စုဝေး၍ အလေးပြုရခြင်း၊ ထို့နောက် ကျောင်းသားကျောင်းသူအားလုံးစုဝေး၍ သြကာသကန်တော့ခန်းဖြင့် ဘုရားရှိခိုးရခြင်း စသည့်ကျင့်ဝတ်ဆောင်တာများကို မပျက်မကွက်ပြုလုပ်ကြရသည်။ အကယ်၍ မိမိက စက်ဘီးစီးလာပါက ဆရာနှင့်လမ်း၌တွေ့လျှင် စက်ဘီးပေါ်မှဆင်းကာ အရိုအသေပေးနှုတ်ဆက်ပြီးမှ စက်ဘီးကိုဆက်စီးရသည်။ ဤသို့ ပြည်သူ့နီတိ၊ လောကဝတ်၊ ဓမ္မဝတ်များကို ဘုန်းတော်ကြီးနှင့် ဆရာဆရာမများက ဂယနဏသင်ကြားပေးလိုက်သည့် ကျေးဇူးကြောင့် အရွယ်ရောက်လာသောအခါ စည်းကမ်းနှင့်ကျင့်ဝတ်ကို အသိစိတ်ဖြင့်လိုက်နာတတ်သည့် အကျင့်ကပါလာသည်ကို ကိုယ်တွေ့သိလာရသည်။

လူဦးရေ ၁၀ သန်းကျော်နေထိုင်လျက်ရှိသော ယနေ့ရန်ကုန်မြို့တော်ကြီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများကို အများဆုံးတွေ့ရှိရသည်။ သက်ဆိုင်ရာတာဝန်ရှိသူများက ယာဉ်စီမံခန့်ခွဲမှု (Traffic Management ) ကို အမျိုးမျိုးဆောင်ရွက်နေစေကာမူ ဘတ်စ်ကားမောင်းသူအများစု၊ ယာဉ်နောက်လိုက်အများစုတို့က ယာဉ်ထိန်းရဲမရှိလျှင်မရှိသလို ကျော်တက်ခြင်း၊ ယာဉ်လိုင်းတစ်လိုင်းတည်းဖြစ်ပါလျက် အချင်းချင်းလုယက်၍ အပြိုင်မောင်းခြင်း၊ ယာဉ်ကြောလုခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းခြင်း၊ နောက်ကားလိုက်လာမှန်းသိလျှင် ယာဉ်နောက်လိုက်များက ယာဉ်မောင်းအား အမြန်မောင်းရန် တွန်းအားပေးပြီး မှတ်တိုင်တွင်လည်း ခရီးသည်များကို အတင်းဆွဲတင်၊ အတင်းဆွဲချခြင်း၊ လူကူးမျဉ်းကျားတွင် ရပ်မပေးခြင်း စသည့် စည်းကမ်းမဲ့လုပ်ရပ်များကို ကျူးလွန်နေကြသည်။ ယာဉ်ထိန်းရဲ မလုံလောက်ပါက တာဝန်ရှိသူများကိုယ်တိုင် ခရီးသည်အသွင်ကိုယူလျက် ဘတ်စ်ကားလိုင်းကားပေါင်းစုံတွင် စီးနင်းလိုက်ပါကြည့်စေချင်သည်။ သို့မှသာ ဘတ်စ်ကားခရီးသည်တို့၏ ဒုက္ခကို ကိုယ်တိုင်ကိုယ်ကျ ပြည့်ပြည့်ဝဝ သိရှိနိုင်ပါလိမ့်မည်ထင်သည်။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် စည်းကမ်းဆိုတာ လူ့တန်ဖိုးဟုခံယူကြရမည်ဖြစ်သည်။ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်တွင် ရန်ကုန်မြို့တော်ခန်းမ၌ မိန့်ခွန်းပြောကြားခဲ့ရာတွင် **"လွတ်လပ်ရေးဆိုတာ စည်းမဲ့ကမ်းမဲ့သဘောမျိုးမဟုတ်ဘူး၊ စည်းနဲ့ကမ်းနဲ့ သဘောမျိုးသာဖြစ်တယ်။ စည်းနဲ့ကမ်းနဲ့ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ရှိနိုင်တယ်။ အဲဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်က စည်းကမ်းရှိဖို့လိုတယ်၊ မြန်မာတွေစိတ်ဓာတ်က မဟုတ်တဲ့နေရာမှာ သွားပြီးကောင်းနေတယ်။ တကယ့်နေရာတွေကျတော့ အသုံးမချတတ်ဘူး၊ မြန်မာပြည် လွတ်လပ်ရေးရအောင်ဆိုတာမျိုးမှာ အသုံးမချတတ်ဘူး၊ မြန်မာပြည်ပြန်လည်ထူထောင်ရေးလုပ်တဲ့နေရာမျိုးမှာ အသုံးမချတတ်ဘူး။ မြန်မာအချင်းချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါတွေလုပ်ချင်လို့ ဘယ်တော့မှအကျိုးမရှိဘူး၊ အဲဒီတော့တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ကိစ္စတွေဟာ တိုင်းပြည်အတွက်အကျိုးရှိလား၊ အကျိုးမရှိဘူးလား ခင်ဗျားတို့စဉ်းစားကြည့်၊ အလုပ်မလုပ်ဘဲနဲ့တော့ လွတ်လပ်ရေးရပေမယ့် ဘယ်နည်းနဲ့မှ ခင်ဗျားတို့လွတ်လပ်ရေးရဲ့အရသာကို ကျပ်ပြည့်တင်းပြည့်ခံစားရမှာမဟုတ်ဘူး၊ ဘယ်အစိုးရတက်တက်၊ ကွန်မြူနစ်အစိုးရတက်တက်၊ ဆိုရှယ်လစ်အစိုးရတက်တက်၊ အဲဒီအလုပ်မလုပ်ဘဲနဲ့တော့ ခင်ဗျားတို့မစွံဘူးဆိုတာကို ကျုပ်တစ်ထစ်ချရဲရဲကြီးပြောလိုက်မယ်။ ရှေ့ကိုလွတ်လပ်ရေးရဲ့ အရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော်ပြောခဲ့ချင်တယ်"**ဟူ၍ ကရုဏာဒေါသဖြင့် တစ်တစ်ခွခွပြောကြားခဲ့သည့် ဩဝါဒစကားနှင့် ထင်ဟပ်ကြည့်စေလိုပါသည်။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် နိုင်ငံသူနိုင်ငံသားတိုင်းသည် အသိဉာဏ်ပညာမြင့်မားရပါမည်။ နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေ၊ နည်းဥပဒေစည်းမျဉ်းစည်းကမ်းများကို အသိတရားဖြင့် လိုက်နာတတ်ရပါမည်။ စန္ဒကူးပင်သည် ခြောက်သွေ့သော်လည်း၎င်း၏ မွှေးရနံ့ကို မစွန့်ပေ။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်ကိုရောက်သော်လည်း ရဲရင့်တင့်တယ်ခြင်းကို မစွန့်ပေ။ ကြံသည် ယန္တရားစက်ဖြင့် ကြိတ်သော်လည်း ချိုသောအရသာကိုမစွန့်ပေ။ ထိုကဲ့သို့ပင်နိုင်ငံသူနိုင်ငံသားကောင်းတို့သည် ဆင်းရဲဒုက္ခများနှင့်ကြုံတွေ့စေကာမူ မိမိတို့၏ကိုယ်ကျင့်တရားနှင့် စည်းကမ်းကို လုံးဝပစ်ပယ်ခြင်းမရှိပေ။ ခြံဟူသမျှစည်းရှိရသည်။ မြစ်ဟူသမျှကမ်းရှိရပါသည်။ သို့ဖြစ်၍ "ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း" ဟူသော ဆိုရိုးစကားနှင့်အညီ အသိတရားနှင့်ယှဉ်၍ ကျင့်ကြံနေထိုင်လုပ်ကိုင်ကြမှသာ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးသည် ရေတလာဖြင့် ဤရွှေကြာတင့်သည့်နှယ် တည်ရှိနေမည်သာဖြစ်ပါသတည်း။ ။

---

# ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒီမောဆိုမြို့မရဲစခန်း အချုပ်ခန်းကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၂၇**

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်သန်းသန်းအေးသည် ရုံးအဖွဲ့မှူးနှင့်လွိုင်ကော်ခရိုင် တရားသူကြီးတို့လိုက်ပါလျက် နိုဝင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီက ဒီမောဆိုမြို့မရဲစခန်း အချုပ်ခန်းသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇော၊ စခန်းမှူး ဒုရဲမှူး မြအောင်တို့က အချုပ်သားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဥပဒေပါ အခွင့်အရေးများရရှိမှုနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ စခန်းအချုပ်ခန်းတွင် အချုပ်သားငါးဦးရှိပြီး ၎င်းတို့သည် ဥပဒေပါအခွင့်အရေးများကို ခံစားခွင့်ရရှိကြောင်း သိရသည်။ အချုပ်ခန်းများမှာ လုံခြုံခိုင်မာမှုရှိကြောင်းနှင့် သန့်ရှင်းသပ်ရပ်စွာ တွေ့ရှိရကြောင်း တွေ့ရသည်ဟု ကယားပြည်နယ် တရားလွှတ်တော်မှ သိရှိရသည်။ **(ကြေးမုံ)**



---

# ကုန်ပို့ကားခများ ဈေးနှုန်းမြင့်တက်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်မူဆယ်ခရီးစဉ်တွင် ဆန်တစ်တန်ကားခ နိုဝင်ဘာ တတိယပတ်အတွင်း ဈေးထပ်မံမြင့်တက်လာရာ နိုဝင်ဘာ ၂၃ ရက်တွင် ကျပ်၈၂၀၀၀ နှုန်း၊ ဖရဲသီးတစ်တန် ရဲမွန် (ပဲခူး)ဒေသမှဆိုလျှင် ကျပ် ၉၀၀၀၀ နှုန်း၊ မွန်ပြည်နယ် ဘီးလင်းဒေသမှဆိုလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြစ်လာကြောင်း ဘုရင့်နောင်ပွဲရုံဝင်း ခရေလမ်းမှ မန္တလေးမူဆယ်ကားဂိတ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ရန်ကုန်-မန္တလေး ခရီးစဉ်တွင် ကားခတစ်ပိဿာလျှင် ၆၃-၆၅ ကျပ်နှုန်းဖြင့် မိုးတွင်းကာလ တစ်လျှောက်ဈေးနှုန်း မပြောင်းလဲခဲ့သော်လည်း ယခုနိုဝင်ဘာလလယ်တွင် ကုန်ကားရှားလာသဖြင့် ကားခဈေးတက်လာရာ နိုဝင်ဘာ ၂၃ ရက်တွင် အောက်ခံကုန်တစ်ပိဿာလျှင် ကျပ် ၆၉-၇၀ နှုန်းဖြစ်လာကြောင်း လာမည့်အပတ်အတွင်း ထပ်မံကားခဈေးတက်ဦးမည်ဟု ကားဂိတ်များမှ သိရသည်။

မန္တလေးမှ ရန်ကုန်သို့အဆင်းကုန်အောက်ခံ တစ်ပိဿာ ကျပ် ၃၀ နှုန်းသာရှိသော်လည်း ပို့မည့်ကုန်ရှားသဖြင့် မန္တလေးတွင် ကုန်စောင့်သည့်ကားများနေပြီး ရန်ကုန်တွင် ကားရှားသဖြင့် ကားခများ ဈေးတက်လာကြောင်း၊ မူဆယ်-ရန်ကုန်ခရီးစဉ်တွင် ကုန်တစ်တန်ကားခ ကျပ် ၅၅၀၀၀ ဝန်းကျင်သာရကြောင်း၊ ရန်ကုန်တွင် ကားရှားသဖြင့် ဘုရင့်နောင်ပွဲရုံဝင်းနှင့် ဘုရင့်နောင် လမ်းမဘေးများတွင် ညအိပ်ရပ်နားသော ကုန်ကားအရေအတွက် နည်းလာကြောင်း ယာဉ်လုပ်သားတစ်ဦးက ဆိုသည်။

ရန်ကုန်-ပုသိမ်ခရီးစဉ်တွင် ပိဿာ ၃၀ မြေဆီတစ်အိတ်ကားခ ကျပ် ၇၀၀၊ ၃၅ ပိဿာဝန်းကျင်ရှိ ကြက်သွန်နီတစ်အိတ်လျှင် ကားခ ကျပ် ၁၄၀၀၊ ပိဿာ ၄၀ ဝန်းကျင်ရှိ အာလူးတစ်အိတ်ကားခ ကျပ် ၁၆၀၀ ရှိကြောင်း၊ ပုသိမ်-ရန်ကုန်ခရီးစဉ်တွင် အောက်တိုဘာလဆန်းက ဆန်တစ်အိတ်လျှင် ကားခ ကျပ် ၂၅၀-၃၀၀ နှုန်း ရှိရာမှ နိုဝင်ဘာအလယ်တွင် ကျပ် ၆၀၀ နှုန်းရှိလာသဖြင့် အသွား/အပြန်ကားခ ဝင်ငွေပိုမိုရရှိလာကြောင်း ခြောက်ဘီးကားပိုင်ရှင်တစ်ဦးက ဆိုသည်။ ခေါက်တိုချိန်းနေရသော ၁၀ ဘီး၊ ၁၂ ဘီးကားများမှာ ရန်ကုန်မှ ပုသိမ်အသွားတွင် ယခင်ထက်ကားခ ငွေကျပ် ၇၀၀၀၀ ဝန်းကျင် ပိုမိုရရှိနေကြောင်း သိရသည်။

**(မောင်စေအောင်)**

### ❖ ဆီးဂိမ်းပြိုင်ပွဲအမီမှ

ထို့နောက် နယူးဧရာဟိုတယ်ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးဌေးအောင်၊ ဦးကံချွန်၊ နယူးဧရာကုမ္ပဏီ အထွေထွေဒါရိုက်တာ ဦးစောလှမင်းနှင့် ဒုတိယဥက္ကဌ ဦးမြင့်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဟိုတယ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဟိုတယ်အခန်းများ ဖွဲ့စည်းထားမှုနှင့် ပြင်ဆင်ထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ် ဟိုတယ်ဇုန်ရှိ Jade City ဟိုတယ်ဖွင့်ပွဲကို ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ၊ ဒေါက်တာအောင်မြတ်ဦး၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ဟိုတယ်အုပ်ချုပ်မှုဒါရိုက်တာ ဦးရင်ဟိုင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ပျဉ်းမနားမြို့ ပန်းခင်းလမ်းနှင့် ရုံးပေါင်းစုံသပြေလမ်းထောင့်တွင် The Feel Restaurant ကိုလည်း နံနက်ပိုင်းက ဖွင့်လှစ်ခဲ့သည်။

ယနေ့တွင် နေပြည်တော်၌ ဟိုတယ်အသစ် ငါးလုံးကို ဆီးဂိမ်းအမီ ဖွင့်လှစ်နိုင်ခဲ့ပြီး တည်းခိုသည့်ဧည့်သည်များ အဆင်ပြေစွာ တည်းခိုနေထိုင်နိုင်ရေး ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ ဖွင့်လှစ်ခဲ့သည့် ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်ရှိ မင်္ဂလာသီရိ ဟိုတယ်၏ ပင်မအဆောက်အအုံတွင် Presidential Room, Royal Executive Room, Standard Room, Biz Suite တို့ပါရှိပြီး ပထမအဆင့်အနေဖြင့် အခန်းပေါင်း ၁၄၈ ခန်းနှင့် Villa အခန်းပေါင်း ၇၀ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ပြီး EXCEL CAPITAL ဟိုတယ်သည် အခန်းပေါင်း ၈၅ ခန်းပါဝင်၍ ဧည့်သည် ၅၀၀ ဆံ့ Ballroom လည်း ပါဝင်ကြောင်းသိရသည်။

မန်းမြန်မာဟိုတယ်သည် အခန်းပေါင်း ၁၃၈ ခန်းပါဝင်ပြီး နယူးဧရာဟိုတယ်သည် အခန်းပေါင်း ၈၈ ခန်း၊ Jade City ဟိုတယ်သည် အခန်းပေါင်း ၁၄၁ ခန်း ပါဝင်ကာ နိုင်ငံတကာအဆင့်မီ စီမံဆောင်ရွက်ထားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၃၀ ရက်တွင် ဒက္ခိဏသီရိမြို့နယ်ရှိ တော်ဝင်ရွှေကြာ ဟိုတယ်နှင့် Famous Parami Hotel တို့ကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ ဒေါက်တာအောင်မြတ်ဦး၊ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူးနှင့် ဟိုတယ်အုပ်ချုပ်မှုဒါရိုက်တာ ဦးရင်ဟိုင်းတို့က Jade City ဟိုတယ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

### ✳ ဆီးဂိမ်းအားကစားပွဲတော်မှ

ထိုသို့လည်း မဟုတ်ပါ။ နိုင်ငံပိုင်ရုပ်မြင်သံကြားလိုင်းများနှင့် အခပေးရုပ်သံလိုင်းများက တိုက်ရိုက် ရိုက်ကူးထုတ်လွှင့်ပေးသွားမည်ဖြစ်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၌ ဘယ်သောအခါကမျှ ပြသခဲ့ဖူးခြင်းမရှိသေးသည့် မြို့များရှိ LED Board များမှလည်း တိုက်ရိုက်ပြသသွားမည်ဖြစ်ပါသည်။ ပြည်သူအားလုံး အချိန်နှင့်တစ်ပြေးညီ ပါဝင်ပျော်ရွှင်နိုင်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အကောင်းဆုံးပြင်ဆင်ပေးထားသည့်အတွက် ပြည်သူအားလုံး ပါဝင်နိုင်မည့် ဆီးဂိမ်းအားကစားပွဲတော်ဖြစ်လာမည်မှာ မုချဧကန်ပင်ဖြစ်ပါသည်။

ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲကို အိမ်များ၊ မြို့များမှ ကြည့်ရှုသူများအနေဖြင့် လုံခြုံရေးအတွက် ပူပင်စရာမရှိသော်လည်း အားကစားကွင်း၌ သွားရောက်ကြည့်ရှုသူများအနေဖြင့် လုံခြုံရေးသတိရှိရန် လိုအပ်ပေသည်။ လုံခြုံရေးသတိဟုဆိုလိုက်လျှင် အများစုက အကြမ်းဖက်မှုကြီးကြီးမားမားကိုသာ ပြေးမြင်နေကြသည်။ အချင်းချင်းခိုက်ရန်ဖြစ်မှုကအစ ပရိသတ်များ၏ ကိုယ်ပိုင်ဆိုင်ကယ်၊ ယာဉ်များ ခိုးယူဖျက်ဆီးမှုသည်ပင် လုံခြုံရေးခေါင်းစဉ်အောက်တွင် ရှိပေသည်။

အခမ်းအနားကျင်းပမည့် မြို့တော်သည် ဌာနဆိုင်ရာဝန်ထမ်းအများစု နေထိုင်ကြသည်ဖြစ်ရာ သွားလာရေးအတွက် အများဆုံးအသုံးပြုရာမှာလည်း ဆိုင်ကယ်များပင်ဖြစ်သည်။ အားကစားကွင်းသို့ တက်ရောက်အားပေးကြသူ အများစုမှာလည်း ဌာနဆိုင်ရာဝန်ထမ်းများပင်ဖြစ်သည်။ အားကစားကွင်းသို့ ဆိုင်ကယ်များဖြင့် လာရောက်သူများအတွက် ဆိုင်ကယ်ရပ်နားရန်နေရာကို သပ်ရပ်ကောင်းမွန်စွာ ပြုလုပ်ပေးသင့်သလို မပျောက်မရှထိန်းသိမ်းပေးမည့် အစီအမံများလည်း ပြုလုပ်ပေးဖို့လိုအပ်ပါသည်။ ကွင်းဝင်ပေါက်နှစ်ထပ် ရှိသည့်အနက် ပထမဝင်ပေါက်ကိုမူ ဆီးဂိမ်းအတွက် ဆိုင်ရာဆိုင်ရာကဏ္ဍများမှ ပါဝင်ကူညီသူများ၊ လက်မှတ်ဝယ်ထားပြီး လက်မှတ်ပြသနိုင်သူများ၊ အားကစားသမားများ စသူတို့၏ ဆိုင်ကယ်များကို ဝင်ရောက်ခွင့်ပေးသင့်သလို အပြင်ကွင်းအတွင်း၌ ဆိုင်ကယ်ရပ်နားရန်နေရာကို သတ်မှတ်ပေးထားလိုက်မည်ဆိုပါက အတွင်းကွင်းသို့ ဝင်ရောက်မှု အချိန်သက်သာစေပြီး လုပ်ငန်းဆောင်တာများ လုပ်ကိုင်ရာတွင် များစွာ အထောက်အကူဖြစ်စေမည် ဖြစ်ပါသည်။

နောက်ထပ်ဝန်ဆောင်မှုကောင်းအဖြစ် တင်ပြချင်သည်မှာ လုံခြုံရေးဂိတ်များ၌ တာဝန်ကျသူများအားလုံးသည် ပြုံးရွှင်ချိုသာစွာဆက်ဆံဖို့ များစွာအရေးကြီးပေသည်။ စာရေးသူ ရောက်ရှိခဲ့သည့် ပေကျင်းအိုလံပစ် အတွေ့အကြုံကို အနည်းငယ်မျှ တင်ပြရလျှင် ပေကျင်းအိုလံပစ်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပခဲ့သည့် အားကစားကွင်းအဝင်တွင် ပရိသတ်များ၏ ခန္ဓာကိုယ်အနှံ့ကို စစ်ဆေးရှာဖွေခြင်း၊ မသိ၍သော်လည်းကောင်း၊ သိ၍သော်လည်းကောင်း ကင်မရာယူလာကြသူများကိုလည်း ရိုင်းပြစွာ အော်ဟစ်ပြောဆိုမှုမရှိဘဲ နားလည်အောင်ရှင်းပြကာ ပြန်လွှတ်ခြင်း၊ လုံခြုံရေးတာဝန်ကျသူများကို မေးမြန်းမှုပြုလုပ်ရာတွင်လည်း ယဉ်ကျေးစွာ ကူညီလမ်းညွှန်မှုပြုခြင်း စသည်တို့ကို ငေးကြည့်ရလောက်အောင် တွေ့မြင်ခဲ့ရသည်။

မိမိတို့မြန်မာနိုင်ငံအနေဖြင့် အိမ်ရှင်တာဝန်ယူချိန်နှင့် ကြုံတွေ့လာချိန်တွင် ဘက်ပေါင်းစုံက တာဝန်ကျေပြီး အတုယူလေးစားရသူများအဖြစ်သာ မြင်တွေ့ချင်မိပါသည်။ သို့သော်လည်း ပြည်ထောင်စုအားကစားပွဲတုန်းက အဖြစ်မျိုးများ ပြန်ဖြစ်လေမလားဟု စာရေးသူစိတ်မှာ တွေးထင့်နေမိပါသည်။ ဖြစ်ပုံကို အကျဉ်းပြန်တင်ပြရလျှင် ပြည်ထောင်စုအားကစားပိတ်ပွဲကျင်းပသည့် ညအချိန် ပိတ်ပွဲအခမ်းအနားမပြီးဆုံးခင် စာရေးသူသည် မိမိသတင်းဌာနသို့ သတင်းပို့ရန်အတွက် အားကစားကွင်း ပြင်ပသို့ထွက်လာချိန်တွင် ဂိတ်ဝ၌ စုရုံးစုရုံးဖြစ်နေသည့် လူအုပ်ကြီးကို သတိထားမိလိုက်သည်။ အကြောင်းစုံကို စေ့ငုကြည့်လိုက်တော့ ပိတ်ပွဲပြုလုပ်ပြီးမှသာ ကွင်းအပြင်သို့ထွက်နိုင်မည်ဖြစ်ကြောင်း သိလိုက်ရသည်။ ထိုအချိန်တွင် လုံခြုံရေးတာဝန်ရှိသူတစ်ဦး ရောက်ရှိလာပြီး “ဘယ်ကောင်တွေက အပြင်ထွက်ချင်တာလဲ၊ ဘယ်သူမှ မထွက်ရဘူး။ အေး . . . ထွက်ချင်ရင်တော့ ခာတ်ပုံအရိုက်ခံပြီးမှ ထွက်ခိုင်းဟု ပြောပြောဆိုဆိုဖြင့် ကင်မရာပေး၍ ခာတ်ပုံရိုက်စေရာ တာဝန်ကျသူတစ်ဦးက ကျွန်တော်မရိုက်တတ်ဘူးဟု” ဆိုသဖြင့် အနားရှိ ကြားသူ များမှာ လှောင်ရယ်ခဲ့ရသည့်အဖြစ်မျိုးပင် ဖြစ်ခဲ့ပါသေးသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအဆင့် ပြိုင်ပွဲများကို လက်ခံကျင်းပသည့်နိုင်ငံများကဲ့သို့ လုံခြုံရေးတပ်ဖွဲ့အင်အားများကို တရားဝင် ထုတ်ဖော်ပြောကြားမှုများ ပြုလုပ်မည်ဆိုပါက နိုင်ငံတကာ၏ ယုံကြည်ကိုးစားမှုကို အပြည့်အဝရရှိမည်ဖြစ်သလို အားကစားသမားများနှင့် ပရိသတ်များသည်လည်း ယုံကြည်စိတ်ချစွာ ယှဉ်ပြိုင်အားပေးနိုင်ကြမည် ဖြစ်ပါသည်။

နိုင်ငံတော်က မည်သို့ပင်ခမ်းနားထည်ဝါစွာ အခမ်းအနားများ ကျင်းပသည်ဖြစ်စေ ပြည်သူအများ ပါဝင်ပြီးပျော်ရွှင်စွာ ဆင်နွှဲနိုင်ပါမှ အောင်မြင်ပြီးပြည့်စုံသည့် အခမ်းအနားဖြစ်နိုင်သည့်အတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီး အောင်မြင်ခမ်းနားစွာ ကျင်းပပြီးဆုံးနိုင်ရေးအတွက် တာဝန်ရှိသူ၊ တာဝန်ယူသူ ဌာနအဖွဲ့အစည်းအသီးသီးသည် ပြုံးရွှင်ချိုသာစွာ ဆက်ဆံနိုင်ပြီး တစ်မျိုးသားလုံး၏ အရေးသဖွယ် ကျရာတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့ဝန်ကို ကျေပွန်ပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ■

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး။**



# ကလေးသူငယ်အခွင့်အရေးများခံစားခွင့်ရရှိစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန်လို

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံရှိ ကလေးသူငယ်များအနေဖြင့် နိုင်ငံတကာက ကလေးသူငယ်များခံစားခွင့်ရှိရမည့် ကလေးသူငယ်အခွင့်အရေးများအတိုင်း သာတူညီမျှစံနှုန်းပြည့်ခံစားနိုင်ရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မိဘအုပ်ထိန်းသူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်း ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းအမျိုးသားဇာတ်ရုံ၌ ကျင်းပသည့် (၂၄)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများနေ့ (UNCRC DAY) အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ပဋိညာဉ်စာချုပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှ ၁၉၈၉ခုနှစ်တွင် သဘောတူပြဋ္ဌာန်းခဲ့ပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံက ၁၉၉၁ခုနှစ်တွင် ကုလသမဂ္ဂ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ်ဥပဒေကို ၁၉၉၃ခုနှစ်တွင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံကလေးသူငယ် နည်းဥပဒေကို ထပ်မံပြဋ္ဌာန်းခဲ့ကြောင်း၊ ကလေးသူငယ်ဥပဒေ၊ နည်းဥပဒေများကို အရွယ်ရောက်ပြီးသူအားလုံးနှင့် ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်သွားကြရန် ပြောကြားသည်။

အခမ်းအနားတွင် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ပါဝင်သည့် မသန်စွမ်းကလေးငယ်များက ပညာပေးလှုပ်ရှားမှုသံချပ်များ၊ ပဒေသာအက၊ အသိပညာပေးသီချင်းနှင့် သရုပ်ပြဖျော်ဖြေတင်ဆက်ကြသည်။ **(သတင်းစဉ်)**

# အမျိုးသားနေ့နှင့်အတူ ပေါ်ပေါက်လာသည့် မြို့မအမျိုးသားအထက်တန်းကျောင်း

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၁၃ ခုနှစ် (၉၃)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း(မြို့မကျောင်း)၌ ကျင်းပခဲ့ရာ ရှေးဦးစွာ ကျောင်းသားကျောင်းသူလေးများက "ပြည်မြန်မာ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် ဒဂုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက နိုင်ငံတော်သမ္မတထံမှပေးပို့သော (၉၃)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကျောင်းကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းအား ကျောင်းအကျိုးတော်ဆောင် အဖွဲ့နာယက ဗိုလ်ချုပ်စိန်ထွား(ငြိမ်း)က ဂုဏ်ပြုချီးမြှင့်ပြီး မိဘဆရာ အသင်းနာယက ဒေါ်ခင်သန်းနွဲ့နှင့်တာဝန်ရှိသူများက ထူးချွန် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ကျောင်းသားဟောင်း ဗိုလ်ချုပ်ချစ်လှိုင်(ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက "အမျိုးသားကျောင်းဖြစ်တဲ့အတွက် အမျိုးသားနေ့ကို နှစ်စဉ်ကျင်းပမြဲအတိုင်း ခမ်းခမ်းနားနား ကျင်းပလေ့ရှိပါတယ်။ အမျိုးသားနေ့နဲ့အတူ ပေါ်ပေါက်လာတဲ့မြို့မကျောင်းမှာ အမျိုးသားနေ့ကို ကျင်းပခဲ့တာအခု (၉၃)နှစ်မြောက်ရှိခဲ့ပါပြီ။ အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းကြီးကိုလည်း နိုဝင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်တို့မှာ သုံးရက်တိုင်တိုင်ရောင်စုံမီးများအလှဆင်ထွန်းညှိထားပါတယ်" ဟုပြောကြားသည်။ **(ရီရီသန့်)**



# ရဟန်းခံ၊ ရှင်ပြုအလှူပွဲပေါ်များလာ၍ မြင်းမွေးသူများ ဝင်ငွေတိုး

**ဒလ နိုဝင်ဘာ ၂၇**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတိုင်းသည် ပွင့်လင်းရာသီဖြစ်သည့် (ဝါပချိန်) သီတင်းကျွတ်လပြည့်ကျော် ၁ ရက်မှစ၍ မြန်မာတို့၏ ဓလေ့အတိုင်း မြင့်မြတ်သော သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ခြင်းဖြစ်သော ရဟန်းခံ၊ ရှင်ပြုပွဲများကို နိုင်ငံအနှံ့စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဒလမြို့နယ် ရာဇသင်္ကြန်ရပ်ကွက်မှ အလှူရှင်တစ်ဦး၏ သိက္ခာထပ်ရဟန်းခံ၊ရှင်ပြု အလှူတော်ပွဲတွင် ပါဝင်လှည့်လည်မည့် အုန်းခွံရောင်မြင်းညိုထွားထွားသုံးကောင်ကို နိုဝင်ဘာ၂၃ ရက်နံနက်က အုတ်လှငယ်လမ်း၌ တွေ့မြင်ခဲ့ရသည်။

"ကျွန်တော်တို့ ဒီရပ်ကွက်က ရဟန်းခံ၊ ရှင်ပြုပွဲမှာ ရှင်လောင်းလှည့်ဖို့ လာတာပါ။ ဒီလိုအလှူရာသီမှာ ရှင်လောင်းလှည့်ဖို့ မြင်းတွေကို အသုံးပြုတာများလာတယ်။ ခဏခဏ ဒီလိုပွဲတွေကို လိုက်ရတယ်။ မြင်းလှည်းခေတ်က မရှိတော့ဘူး။ မြင်းတွေကို အလှူပွဲလိုက်နိုင်အောင် သင်ကြားပေးထားရပြီး လှပအောင်မွေးထားရတယ်။ လိမ္မာကြပါတယ်။ အလှူပေါ်များတော့မြင်းအကောင်ရေ ၁၀၊ ၂၀ ထိ အလှူပွဲလိုက်ရတယ်။ ဝင်ငွေလေးတွေတိုးပြီး အဆင်ပြေတာပေါ့ဗျာ"ဟု သပြေကုန်းကျေးရွာမှ မြင်းပိုင်ရှင်တစ်ဦးက ပြောကြားသည်။

အလှူရှင် အမျိုးသမီးတစ်ဦးက "ဒီလိုအလှူပွဲတွေမှာ မြင်းတွေနဲ့ ရှင်းလောင်းလှည့်တာဟာ ရှေးဘိုးဘွားအစဉ်အဆက်ကတည်းက ရှိခဲ့တဲ့ ဓလေ့ကောင်းတစ်ခုပါ။ အခုမြင်းတစ်ကောင်ကို ငွေကျပ် ၈၀၀၀ နဲ့ငှားခဲ့ရပါတယ်။ ပျော်စရာကောင်းပါတယ်"ဟု ပီတိစကားဆိုခဲ့သည်။

**သန်းဌေး(ဒလ)**



# လိပ်ကမ်းချောင်းကို တံတားဆောက်ရန်ဒေသခံများလိုလား

**မကွေး နိုဝင်ဘာ ၂၇**

နေပြည်တော်-ကန်ပြားကားလမ်းရှိ မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာ မိုင်တိုင်အမှတ် (၆၇/၆၈)ကြား လိပ်ကမ်းချောင်းရေကျော်တံတားသည် ယခုနှစ် အောက်တိုဘာလကုန်တွင် မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ပျက်စီးသွားကာ ချောင်းဘေးရှိယာမြေဧက ၂၀ ခန့်လည်း ရေလွှမ်းမိုး၍ပျက်စီးသွားခဲ့ရကြောင်း သိရသည်။ **(ဝဲပုံ)**

လိပ်ကမ်းချောင်းရေကျော်တံတားမှာ အကျယ် ၁၇၅ ပေခန့်ရှိပြီး အထက်အညာမှ ချောင်းသုံးချောင်းပေါင်းဆုံစီးဆင်းလာသဖြင့် ရေစီးအားပြင်းထန်ကာ ရေကျော်တံတားမှာလည်း ချောင်းထက်မြင့်နေသောကြောင့် အရှိန်ဖြင့်စီးဆင်းလာသော ချောင်းရေကိုတားဆီးနေသလိုဖြစ်၍ ချောင်းရေများလျှံတက်ပြီး ချောင်းဘေးရှိယာမြေအချို့ ရေလွှမ်းကာ သီးနှံများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အောက်တိုဘာလကုန်ခါနီးလောက်မှာ မိုးအဆက်မပြတ်ရွာပြီး ချောင်းရေကျတယ်၊ ချောင်းကိုဖြတ်ပြီးလုပ်ထားတဲ့ ရေကျော်တံတားရှိတယ်၊ ရေကျော်တံတားက ချောင်းထက်မြင့်နေတော့ ချောင်းရေကိုတားထားသလိုဖြစ်နေတယ်၊ ဒီတော့ ချောင်းဘေးကသီးနှံစိုက်ထားတဲ့ ယာမြေတွေရေလွှမ်းပြီး သီးနှံတွေပျက်စီးကုန်တယ်၊ ဧက ၂၀ လောက်ရှိလိမ့်မယ်၊ ဒီချောင်းကို တံတားဆောက်မှ အဆင်ပြေလိမ့်မယ်၊ ရေအားကသိပ်ပြင်းတယ်၊ တံတားဆောက်လိုက်ရင် ခရီးသွားတွေလည်း အဆင်ပြေ၊ တောင်သူတွေလည်း သီးနှံပျက်စီးဆုံးရှုံးမှုမရှိတော့ဘူး"ဟု ဒေသခံတစ်ဦးက ပြောကြားသည်။ ယခုအခါ မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာမှဒေသခံတောင်သူများသည် လိပ်ကမ်းချောင်းအား ချောင်းကူးတံတားတစ်စင်း ဆောက်လုပ်ပေးရန်လိုလားနေကြကြောင်း သိရသည်။ **(မကွေးလှမြင့်)**









# လူမှုကားကို ဝင်တိုက်ခြင်း

**သန့်လျင်မြေ မောင်ပွင့်လင်း**

"လူတစ်ယောက်ကို ကားနဲ့တိုက်မိလို့ အချိန်မီရောက်မလာနိုင်တော့ဘူး၊ အခုဆေးခန်းရှာပြီး သွားပို့ရဦးမယ်" ဟု ကျွန်တော့်ဇနီးသည်က ဖုန်းဆက်သဖြင့် စိတ်ပူသွားသည်။ အခင်းဖြစ်နေရာကို ချက်ချင်းလိုက်သွားဖို့ကလည်း မိမိစီးလာသည့် သင်္ဘောက ကမ်းမကပ်သေး။ ရန်ကုန်မြို့လယ်ရဲ့ ကားကျပ်မှုပြဿနာကြောင့် အသွားမှာ TAXI နဲ့ပဲသွားပြီး အပြန်အတွက် ဇနီးသည်ကို လာကြိုခိုင်းမိလိုက်တာ မိမိရဲ့အမှား၊ သူက ရန်ကုန်မြို့လယ်ရဲ့ လမ်းကြောတွေသိပ်မမှတ်မိ၊ ကားမောင်းကျွမ်းကျင်ပေမယ့် ဘာကြောင့်လူကို တိုက်မိခဲ့သလဲ အတွေးများစွာနဲ့. . . ။

ဖြစ်စဉ်က စံပြရုပ်ရှင်ရုံနဲ့ ဘုန်းကြီးလမ်းထောင့် အမှောင်ရိပ်လူရှင်းတဲ့ နေရာအရောက် သူ့ရဲ့ဆလွန်းကားကို လူတစ်ယောက်က ဝင်တိုက်လိုက်မိတယ်၊ အရေးထဲ ဖုန်းကလာနေလို့ လှမ်းကိုင်ပြီး စကားပြောစဉ် ထိုလူကို မြင်၍ အရှိန်ထိန်းပြီးရှောင်လိုက်ပေမယ့် ထိုလူကတမင်ကို ဝင်တိုက်ခဲ့သည်လို့ထင်မိပြီး ကားကိုရပ်၊ အခြားလူစိမ်းနှစ်ဦးကပြေးလာကာ ထိုသူကိုဝိုင်းတွဲပြီး ဆေးခန်းအမြန်ပို့မှဖြစ်မယ်ဟု ပြောကြသည်။ သွေးတစ်စက်မှမတွေ့ရဘဲ ညာလက်ဖျံရိုးနေရာကို ဆုပ်ကိုင်ထားပြီး နာကျင်စွာအော်နေသည်။ ဇနီးသည်ကလည်း ထိတ်လန့်ပြီး ဘာလုပ်ပေးရမှန်းမသိဖြစ်နေစဉ် ထိုလူစိမ်းနှစ်ယောက်ကပဲ ကားထဲကိုအတင်းဝင်ပြီး "အခုဆေးခန်းသွားမှ ဖြစ်မယ်၊ တော်ကြာရဲလာရင် ရှုပ်ကုန်မယ်"လို့ ပြောတာကြောင့် ကျွန်တော့်ဇနီးလည်း ကားပေါ်တက်စဉ် လူသုံးယောက်တော့မဆံ့ကြောင်း၊ ပစ္စည်းတွေနဲ့ အဖော်တစ်ယောက်ပဲ ခေါ်ရင်ရပြီဆိုတာကြောင့် တစ်ယောက်က နေခဲ့တယ်။ အနီးအနားမှာရှိတဲ့ အရိုးအကြောဆေးခန်းဆို အကောင်းဆုံးပဲဆိုတာကြောင့် (၁၆)လမ်းဘက်ကို ပတ်မောင်းနေစဉ် ဒဏ်ရာရသူက ညည်းတွားစွာ ပြောလိုက်တယ်။ ၎င်းတွင်မှီခိုနေသည့် မိသားစုများအတွက် အလုပ်မဆင်းနိုင်ရင် ဝင်ငွေမရှိဖြစ်မှာ စိုးရိမ်နေကြောင်း၊ ၎င်း၏ ဝင်ငွေမှာ တစ်ရက် ကျပ် ၁၀၀၀၀ ခွဲခန့်ရှိ၍ တစ်ပတ်လောက် နားရရင် ထမင်းငတ်နိုင်ကြောင်း၊ ဆေးခန်းကလဲ ဘယ်လောက်ကုန်မယ်မသိစသဖြင့် ညည်းတွားပြောရင်း အခုပိုက်ဆံဘယ်လောက်ပါသလဲ၊ မပါရင်လဲ အိမ်မှာ လိုက်ယူမည်ဖြစ်ကြောင်း ပြောလာသဖြင့် ကျွန်တော့်ဇနီးက သံသယဖြစ်လာမိတယ်။ ဒါပေမယ့် သူ့ရဲ့ဖြူစင်တဲ့စိတ်နဲ့ ကရုဏာသက်စွာ တကယ်ဖြစ်တန်ကောင်းပါရဲ့ဆိုပြီး ဘာမှမပူနဲ့၊ တာဝန်ယူပါမယ်ဆိုပြီး (၁၆) လမ်းက တရုတ်ဆေးတိုက်ကို ကားတစ်နေရာမှာရပ်ပြီး ကိုယ်တိုင်လိုက်ပို့တယ်။ တရုတ်ဆေးဆရာကြီးက လူနာရဲ့ဒဏ်ရာကိုကြည့်ပြီး ဘာမှဖြစ်တာမဟုတ်ဘူး၊ ကြွက်သားနည်းနည်းရောင်တာပါ၊ ဆေးစည်းပေးလိုက်တယ်၊ ကျသင့်ငွေရှင်းဖို့လုပ်တော့ ကျပ် ၂၀၀၀ ပေးပြီးကြောင်း လူနာက ပြောနေစဉ် ကျွန်တော်လည်းရောက်လာပြီး နောက်နေ့ဆေးကုစရိတ်နဲ့ နေ့တွက်စရိတ် ကျပ် ၅၀၀၀၀ ထုတ်ပေးလိုက်တယ်။ ဒီငွေလေးနဲ့ဆို မယူလိုကြောင်းငြင်းပြီး ခပ်ဖြည်းဖြည်းထွက်သွားတယ်၊ ဒါနဲ့ အတင်းလိုက်ပြီး ကျပ် ၂၀၀၀၀ တိုးပေးတော့ မယူချင့်ယူချင်နဲ့ ယူပြီးထွက်သွားတယ်။ သူတို့ရဲ့ ဖြစ်စဉ်ကို ဇနီးသည်ပြောပြတော့မှ "လုပ်ဇာတ်"ဆိုတာ သဘောပေါက်လာတယ်။ တကယ့်အကယ်ဒမီရှော့ပဲ၊ ခဏအကြာ လူနာဆိုသူရဲ့ အဖော်ကောင်လေးရောက်လာပြီး လျော်ကြေးငွေနည်းသေး၍ ထပ်တောင်းတယ်။ တစ်သိန်းလောက်ဆိုရင် ကျေနပ်ကြောင်းပြောတာကြောင့် ကျွန်တော်တို့လည်း စကားမများချင်တာနဲ့ အောင့်သက်သက်နဲ့ ပေးလိုက်ရတယ်။ လူနာနာမည်ကိုမေးကြည့်တော့ ဇေယျာဆိုလား၊ ငါးရှဉ့်ဒိုင်မှာလုပ်ကြောင်း၊ တစ်နေ့ လုပ်အားခကျပ် ၁၀၀၀၀ ကျော်ရတယ်ဆိုတော့ ပညာရှင်စကေးပါလား၊ နေတော့ဒလဘက်မှာ၊ လူပုံကဆံရှည်ကျစ်ဆံမြီးနဲ့၊ မျက်နှာလေးက အကယ်ဒမီရှော့ပဲ တွေးရင်းတရုတ်ဆေးဆရာရဲ့ အဓိပ္ပာယ်ပါတဲ့ မျက်နှာလေးကိုမြင်ယောင်မိတယ်။ ဒီလိုလူတွေ တစ်နေ့ကို ဘယ်နှယောက် ကုပေးနေရလို့ ရိုးနေပြီဆိုတဲ့သဘောထင်တယ်။ ဒါနဲ့ မိတ်ဆွေတစ်ယောက်ကို ပြောပြတော့ သူ့သူငယ်ချင်းမုဆိုးမတစ်ဦးလည်း ကိုယ်တိုင်ကားမောင်းသွားစဉ် အခုလိုပဲ လူက ကားကိုဝင်တိုက်ပြီး ဗိုက်မှာညီမည်းနေတဲ့ဒဏ်ရာ (ကြိုတင်ပြီး အညိုရောင်ဆေးဆိုးထားသည့်)ပြပြီး ဆေးခန်းကိုသွားချင်ကြောင်း၊ ထိုအမျိုးသမီးကလည်း စိုးရိမ်စိတ်နဲ့ဆေးရုံကြီး အရေးပေါ်ဌာနကိုသွားခဲ့ကြောင်း၊ ဟိုရောက်တော့ Accident ကြောင့်ဆိုလျှင် Police Case ဖြစ်နိုင်တာကြောင့် ရဲစခန်းကိုအကြောင်းကြားရမှာဖြစ်ကြောင်း သိရတော့ ခေါင်းပူထူသွားခဲ့ပြီး ရဲအမှုအခင်းနဲ့မပတ်သက်ချင်လို့ အဆင်ပြေသလို ဆေးရေးဖို့ လျော်ကြေးပေးတော့ ၁၅ သိန်းရမှ ကျေအေးမှာဖြစ်ကြောင်း ပြန်ပြောတယ်။ နောက်ဆုံး ရှိစုမဲ့စုရှာဖွေပြီး ၁၅ သိန်းပေးခဲ့ရတယ်။ လူနာဟန်ဆောင်သူတွေ့နဲ့ အပေါင်းပါတွေကတော့ ၁၅ သိန်းကို ခွဲဝေယူနေစဉ် ထိုယာဉ်မောင်း အမျိုးသမီးမှာတော့ ကြွေးပူမိခဲ့ရတဲ့ ဖြစ်ရပ်မှန်ပါ။ အခုလို လုပ်ဇာတ်နဲ့ အေးဆေးပြတိုက်တဲ့ဖြစ်စဉ်တွေ ယခုအခါ နေရာဒေသအချို့မှာ ဖြစ်လာတာတွေ့ရပါတယ်။ ယာဉ်မောင်းသူတွေဘက်က မှန်ပေမယ့် စည်းကမ်းမရှိတဲ့ လမ်းသွား/လမ်းလာသူတွေ၊ ခရီးသည်တွေကြောင့် ယာဉ်တိုက်မှုတွေနေ့စဉ်ဒါဇင်နဲ့ချီပြီး ရန်ကုန်မြို့ တော်သာမက နယ်မြို့တွေမှာဖြစ်လာတာမည်သူမျှမငြင်းနိုင်ပါ။ သက်ဆိုင်ရာကလည်း Mass Transport System တွေ တိုးမြှင့်ဖို့ဆောင်ရွက်နေချိန်မှာ ထိရောက်တဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို ပြဋ္ဌာန်းပြီး အမှန်တကယ် အရေးယူဖို့လိုပါတယ်။ အရေးယူဖို့အားနည်းချက်တွေကို အခွင့်ကောင်းယူပြီး ယခုလိုမသမာတဲ့ နည်းနဲ့ လုပ်ဇာတ်ဆင်ပြီး လူမှုကားကို ဝင်တိုက်ရင်ကော ဘယ်နည်းနဲ့အရေးယူနိုင်သလဲ။ စာဖတ်သူတွေအနေနဲ့ ဒီလိုဖြစ်စဉ်တွေ ကြုံဖူးသူရှိကောင်းရှိနိုင်သလို ဖြစ်ရပ်တူဖြစ်လာရင်လည်း သတိနဲ့ဆုံးဖြတ်နိုင်စေဖို့ စေတနာကောင်းနဲ့ရေးသားလိုက်ရပါတယ်။ ။

**အနုပညာသတင်း - - - - -**




## နီပေါနိုင်ငံရှိ ကျားများအတွက် အလှူငွေလှူဒါန်းခဲ့တဲ့ လီယိုနာဒို

ဟောလိဝုဒ်ကြယ်ပွင့် လီယိုနာဒိုဒီကာပရီယိုက နီပေါနိုင်ငံရှိ ကျားမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကင်းဝေးစေရေးအတွက် ကမ္ဘာ့သားရဲတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးရန်ပုံငွေအဖွဲ့သို့ အမေရိကန်ဒေါ်လာ သုံးသန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

မကြာမီက ထုတ်လုပ်ဖြန့်ချိခဲ့သည့် The Great Gatsby ဇာတ်ကားတွင် ဂက်စ်ဘီအဖြစ် ပြောင်မြောက်စွာ ပါဝင်သရုပ်ဆောင်ခဲ့သည့် ဟောလိဝုဒ်ကြယ်ပွင့် လီယိုနာဒိုက ယင်းအလှူငွေများကို သူ၏ ဖောင်ဒေးရှင်းမှတစ်ဆင့် ကမ္ဘာ့သားရဲတိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး ရန်ပုံငွေအဖွဲ့သို့ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး အဆိုပါအဖွဲ့ကြီးအနေဖြင့် ယင်းအလှူငွေများကို လာမည့် ၂၀၂၂ ခုနှစ်ထိ ကျားမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှကာကွယ်နိုင်စေရေးလုပ်ငန်းစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီငွေတွေဟာ ကျားမျိုးစိတ်တွေပျက်သုဉ်းမသွားစေရေးနဲ့ ကျားမျိုးစိတ်တွေ ဆက်လက်ရှင်သန်နိုင်ဖို့အတွက် တကယ်အထောက်အကူဖြစ်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု အသက်(၃၉)နှစ်အရွယ် လီယိုနာဒိုက ပြောကြားခဲ့သည်။

**မျိုးစန္ဒာမောင်**





















**အမည်ပြောင်း**

အဘ ဦးရဲလင်းထွန်း[၁၂/မဂဒ(နိုင်) ၀၈၅၃၇၇]၏သား ကျွန်တော်မောင်ဖြိုးအောင်အား ယနေ့မှစ၍ မောင်ကြယ်ဇင်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

# ကလေးမြို့၏ ထူးဆန်းအံ့သြဖွယ်ရေဆန်ကျွန်းမြတ်ဘုရား



**ကလေး နိုဝင်ဘာ ၂၇**

ကလေးမြို့နယ်တွင် ရေဆန်ကျွန်းမြတ်ကျွန်းတုံးကြီးများကို နေရဥ္စရာမြစ်အတွင်းမှ ထူးဆန်းအံ့သြဖွယ်ကောင်းအောင် အချိန်ကာလကွာခြား၍ သုံးကြိမ်တိုင်တိုင်တွေ့ရှိခဲ့ပါသည်။ ၁၃၆၅ ခုနှစ်၊ ပြာသိုလ၊ ၂၀၀၄ခုနှစ် ဇန်နဝါရီလတွင် တတိယအကြိမ်မြောက် တွေ့ရှိသောရေဆန်ကျွန်းတုံးကြီးကို ပထမနှင့်ဒုတိယအကြိမ်တွေ့ရှိရသော ကျွန်းတုံးကြီးများထက် အံ့သြဖွယ်ရာ အဖြစ်များနှင့် ကြီးကျယ်မြင့်မြတ်စွာ အဆိုပါမြစ်အတွင်း၌ ထပ်မံတွေ့ရှိခဲ့သည်။

ယင်းရေဆန်ကျွန်းတုံးကြီးသည် အလျား ၁၆ပေ၊ လုံးပတ် ၁၀ ပေရှိကာ ကုဗပေ ၁၀၁၆၇ ပေနှင့် အလေးချိန် ၂ ဒသမ ၀၃၃၄တန်ရှိပြီး သက်တမ်းနှစ်ကွင်း ၂၀ကွင်းခန့်ရှိနေသဖြင့် ကျွန်းမြတ်ကြီး၏ သက်တမ်းမှာ သင်းသတ်သည့် နှစ်အပါအဝင် ၁၂၀ နှစ်ရှိသည်ဟု သစ်တောပညာရှင်များက ခန့်မှန်းထားပါသည်။

အဆိုပါ ရေဆန်ကျွန်းမြတ်သည် ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၇ ရက် နံနက် ၇နာရီတွင် မုဒြာလေးမျိုးဖြင့် မြတ်စွာဘုရား၏ ရုပ်တုတော်လေးဆူကို စတင်ထုလုပ်ပြီး ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော ဘုရားရှင်လေးဆူတို့၏ အထက်အဆင့်ပတ်လည်တွင် ရုပ်ပွားတော်မြတ် ၁၀ ဆူ၊ ထိုအထက်အလယ်ဆင့်တွင် ရုပ်ပွားတော်မြတ်ရှစ်ဆူနှင့် အထက်ဆုံးအဆင့်တွင် ရုပ်ပွားတော်မြတ်ခြောက်ဆူတို့ကို ထုလုပ်ပူဇော်ထားပါသည်။

ယင်းနှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်တို့၏ အထက်တွင် စေတီအထွတ်တင်၍ ထီးတော်ပူဇော်ထားပြီး ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်၏ ဉာဏ်တော်မှာ ပလ္လင်မှထီးတော်အထိ ၁၉ပေ ရှိကာ ၄၁ရက်ကြာထုလုပ်ပြီးမှ ၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ပြီးစီးပါသည်။

အဆိုပါ မဟာသာကပဋိမာ ရေဆန်ကျွန်းမြတ်ဗုဒ္ဓရုပ်ပွားတော်သည် အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမ၊ ကလေး၊ တမူး၊ ကလေးဝမြို့များ ဆုံရာ၊ ကျီကုန်းကျေးရွာ တြိဂံလမ်းဆုံ၏ အနောက်ဘက်ဘေးရှိ ရှုးပါးသောရှေးဟောင်းထောင်ပြည့်စေတီနှစ်ဆူ တည်ထားရာ ရာဇဂီရိကုန်းတော်ပေါ်ရှိ ဂန္ဓကုဋီတိုက်ကျောင်းတော်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ရာဇဂီရိကုန်းတော်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသော ရေဆန်ကျွန်းမြတ်ရုပ်ပွားတော်အား ခရီးသွားဧည့်သည်များ၊ ပြည်သူများအတွက် ဘုရားဖူးမြော်ကြည်ညိုနိုင်သည့် သာသနာ့နယ်မြေဌာနတစ်ခုအဖြစ် သာမက လေ့လာစရာ မြန်မာမှုအနုပညာလက်ရာများ ကြည့်နူးစရာ ရှုခင်းများ၊ တောင်မှမြောက်သို့ စီးဆင်းသည့် မြစ်သာမြစ်အလှအပများကိုလည်း ကြည့်ရှုခံစားရင်း အပန်းဖြေနိုင်သောနေရာအဖြစ်လည်း ဂုဏ်ယူဖွယ်တည်ရှိနေပါသည်။

**ဂျိုးနက်**

## မန္တလေးတွင်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းစစ်ဆေးအရေးယူမှုများ အရှိန်ဟုန်မြှင့်ဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးတွင် ဆီးဂိမ်းကာလနီးလာသည်နှင့်အမျှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူမှုများ အရှိန်ဟုန်မြှင့်ဆောင်ရွက်ပြုလုပ်လာကြောင်းသိရသည်။

ရှောင်တခင်ယာဉ်စစ်ဆေးမှုတွေ မပြုလုပ်တာကြာပြီ။ အခုတလော ပြန်ပြီးတော့လုပ်လာတာ တွေ့ရတယ်။ အခုလိုပြန်လုပ်တာ ကောင်းပါတယ်။ မန္တလေးလိုမြို့ကြီးမှာတောင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းဘဲ စီးနေတဲ့သူတွေ၊ ဆိုင်ကယ်မစီးနင်းရတဲ့ လမ်းကျော်တံတားတွေကို စီးနင်းတာတွေရှိနေတယ်။ ပြီးတော့ မြို့ပတ်ယာဉ်လိုင်းတွေကလည်း စည်းကမ်းထိန်းသိမ်းသူရှေ့မှာ တစ်မျိုး၊ နောက်ကွယ်မှာ တစ်မျိုးမောင်းနှင်နေကြတာ။ ဆီးဂိမ်းကာလအတွက်တင် မကဘူး။ ဆီးဂိမ်းပြီးလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်တာမျိုးကို အလေးထားဆက်လက်ဆောင်ရွက်သင့်ပါတယ်ဟု ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်တွင် နေထိုင်သူ အမျိုးသားတစ်ဦးက ပြောသည်။

မန္တလေးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းဆောင်ရွက်မှုများကို တာဝန်ရှိသူများမှ အသိပညာပေးခြင်းအရေးယူဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နေပြီး ဆောင်ရွက်နေပြီး နိုဝင်ဘာလ ၂၈ရက်နေ့မှ ဒီဇင်ဘာ ၃ ရက်အထိ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနည်းပညာပွဲကြီးကို ချမ်းမြသာစည် လေယာဉ်ကွင်းဟောင်း ရန်ကုန်-မန္တလေးကားလမ်းမကြီးအနီးတွင် ကျင်းပပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**ချမ်းသာ(မိတ္ထီလာ)**

**အစိုးရ/စီးပွားရေးကြော်ငြာ**

## အရာတော်မြို့နယ် မြေနက်ကျေးရွာ ရေလျှံတွင်း(၁)၌ ပုလဲသွယ်စပ်မျိုးစပါး စိုက်ပျိုးအောင်မြင်

**အရာတော် နိုဝင်ဘာ ၂၇**

လယ်ယာစိုက်ပျိုးရေး ကဏ္ဍအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော်ရန်အတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီး၊ အရာတော်မြို့နယ် မြေနက်ကျေးရွာရှိ ယာမြေများသည် မိုးကောင်းတောမြေများဖြစ်ကြပြီး ၂၀၀၃ ခုနှစ် နောက်ပိုင်းတွင် ရေအရင်းအမြစ်မှ အစီအစဉ်ရေးဆွဲပြီး မြေအောက်ရေလျှံတွင်းများ တူးဖော်ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်တောင်သူများ ယာမြေမှ လယ်မြေအဖြစ် ပြောင်းလဲစိုက်ပျိုးလုပ်ကိုင်နေကြပေသည်။ ကမ္ဘာပေါ်တွင် လူဦးရေနေ့စဉ်နှင့်အမျှ တိုးပွားလာသလို စားနပ်ရိက္ခာဖူလုံမှုရရှိစေရေးအတွက် အထွက်တိုးမျိုးကောင်းမျိုးသန့်စပါးများ ထွက်ရှိမှ စားဝတ်နေရေးပြေလည်မည်ဖြစ်သည်။ ယခုအခါတွင် အထွက်တိုးသီးနှံများ ပေါ်ထွက်လာမှုကြောင့် ထွက်တိုးကောင်းသည့် စပ်မျိုးစပါးဖြစ်သော ပုလဲသွယ်စပါးအား စမ်းသပ်စိုက်ပျိုးထားရာ မြေအောက်ရေလျှံတွင်း(၂)တွင် အောင်မြင်ဖြစ်ထွန်းနေကြောင်း မြင်တွေ့ရသည်။

ထိုသို့အောင်မြင်ဖြစ်ထွန်းနေသော ပုလဲသွယ်စပ်မျိုးစပါးကို စံနမူနာထား၍ ကျေးလက်တောင်သူဦးကြီးများအား ပုလဲသွယ်စပ်မျိုးစပါးကို တစ်ဧက(၅)ပြည်ဖြင့် ပျိုးထောင်နိုင်ပြီး မြေဩဇာကျွေးနည်း၊ ပိုးသတ်ဆေးဖျန်းနည်း၊ ငွေကုန်ကျစရိတ်သက်သာ၍ မြေဩဇာပြုလုပ်ပုံ၊ ရွက်ဖျန်းမြေဩဇာ ပြုလုပ်ပုံတို့ကို စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးမှ ရှင်းလင်းပြီး တောင်သူများအနေဖြင့် အထွက်တိုးကောင်းသော ပုလဲသွယ်စပါးအား စိုက်ပျိုးကြရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(တင့်ငွေ-အရာတော်)**


### စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### (၁၄/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-112(2013-2014) | Transmission for Komatsu Dozer | (1) Unit | US$ |
| (၂) | IFB-113(2013-2014) | Torque Convertor for Komatsu Dozer | (1) Unit | US$ |
| (၃) | IFB-114(2013-2014) | National Torque Convertor for CAT D 3508 Rig Engine | (3) Nos | US$ |
| (၄) | IFB-115(2013-2014) | GM 6 V 71 Engine | (2) Sets | US$ |
| (၅) | IFB-116(2013-2014) | GM 6 V 53 Engine | (4) Sets | US$ |
| (၆) | IFB-117(2013-2014) | Mud Agitator Unit (With Motor Driven) (7.5 KW) | (3) Lots | US$ |
| (၇) | IFB-118(2013-2014) | Shore Water Pump (1000gpm, 200 ft head) Centrifugal Water Pump With 80 HP Motor Driven | (1) Lot | US$ |
| (၈) | IFB-119(2013-2014) | Skid Mounted Crude Transfer Pump (400 gpm, 400 ft Head With Engine Driven) | (1) Lot | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၃-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲမြို့၏ တောင်ဘက် (၂၀)မိုင်ခန့်အကွာ၊ အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ 33KV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၃-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက် - ၂၀-၁၂-၂၀၁၃ရက်၊ ၁၆း၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



### တင်ဒါခေါ်ယူခြင်း

Mother Industrial Co.,Ltd.သည် စက်မှုသုံး ရေဆေးသန့်စင်ပြီး မြစ်သဲကို လက်ခံသိုလှောင်မည့်နေရာ ဖော့ကန်ဆိပ်ကမ်းဒေသ၊ သစ်စက်ဘုန်းကြီးကျောင်းလမ်းနှင့် ဉာဏ်ချောင်ချောင်းကြားရှိ စက်ရုံနေရာသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူလိုပါသည်။

အသေးစိတ်အချက်အလက်များပါဝင်သည့် တင်ဒါပုံစံကို အောက်ပါလိပ်စာပါဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းလွှာကို ၁၆-၁၂-၂၀၁၃ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ အမှန်တကယ်ပေးသွင်းမည့် သဲကြမ်းနမူနာနှင့်အတူ တင်ဒါတင်သွင်းနိုင်ပါသည်။

မန်နေဂျင်းဒါရိုက်တာ
Mother Industrial Co.,Ltd.
အမှတ်(၄) လမ်းမကြီးနှင့် ရွှေပြည်သာတံတားလမ်းထောင့်၊
အင်းစိန်မြို့နယ် (တည်းကုန်းအုတ်စက်ရုံ)
ဖုန်း-၀၁-၆၄၂၃၅၈








မြင့်စေတနာဆေးတိုက် **ခရုသင်း (သမင်ဖြူ)**
LEUCODERMA

ခရုသင်း(သမင်ဖြူ)၊ ဖြူနီနက်ကွက်များ၊ အနာကြီးရောဂါ၊ ယားနာ၊ ပွေး၊ ဝဲ၊ နှင်းခူနှင့် အရေပြားရောဂါအမျိုးမျိုးကိုကုသပေးသည်။

ဆရာဦးခင်မောင်မြင့်၊ အမှတ်-၃၊ ပိတောက်ရိပ်မြိမ်၊ ရန်ကုန်အင်းစိန် လမ်းမကြီး၊ ကုလားကျောင်းမှတ်တိုင်၊ သမိုင်း၊ မရမ်းကုန်း မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၆၆၄၇၈။ (ဌာနခွဲ) အမှတ်(၂)၊ ၆၂ လမ်း၊ ၂၈×၂၉ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့။ ဖုန်း- ၀၂-၂၂၅၁၅

# လယ်ယာလုပ်ငန်းတစ်ခေတ်ဆန်းချိန်

သတင်း-တင်ဝင်းလှိုင်(ကော့ကရိတ်)
ဓာတ်ပုံ-ဘိုဘို(ကော့ကရိတ်)

နိုဝင်ဘာ ၁၆ ရက် နံနက်က ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ချောင်းတောင်ကွင်းတွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ဖြင့် မိုးစပါးများ သရုပ်ပြရိတ်သိမ်းခြွေလှေ့ခြင်း အခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော့ကရိတ်ခရိုင်အုပ်ချုပ်ရေးမှူးဦးသန်းဆွေ၊ ခရိုင်စိုက်ပျိုးရေးလက်ထောက်ညွှန်မှူးဦးလှသိန်း၊ စက်မှုလယ်ယာ ဦးစီးမှူးဦးအောင်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားတောင်သူလယ်သမားကြီးများ တက်ရောက်လေ့လာခဲ့ကြသည်။

ယခုနိုင်ငံတော်အစိုးသစ်လက်ထက်တွင် အေးချမ်းတည်ငြိမ်မှုရှိပြီး နယ်မြေငြိမ်းချမ်းမှုရရှိလာသဖြင့် မြေယာများခုတ်ထွင်ရှင်းလင်း၍ နှစ်ရှည်ပင်ရော်ဘာ၊ သစ်မွှေး၊ သစ်မာစိုက်ခင်းနှင့် စားသုံးသီးနှံပင်များ စိုက်ပျိုးခြင်းများကို တိုင်းရင်းသားရိုးရာမိရိုးဖလာအတိုင်း ပြန်လည် စိတ်ပါဝင်စားစွာလုပ်ကိုင်လာကြသော်လည်း လယ်ယာလုပ်သားရှားပါးမှုများကို ကြုံတွေ့ကြရသည်။

ယင်းပြဿနာများကို ဖြေရှင်းရန်မှာ လယ်ယာလုပ်သားအနည်းငယ်သာအသုံးပြုရသော လက်မှုလယ်ယာမှ စက်မှုစနစ်သို့ ပြောင်းရွှေ့ရေးပင်ဖြစ်သည်။ ကော့ကရိတ်မြို့နယ်အတွက် ထိုလိုအပ်ချက်ကို တစ်ထောင့်တစ်စွန်းမှ ဖြည့်တင်းပေးသူမှာ စွန့်ဦးတည်ထွင် အာဂလယ်သူမကြီး၊ ရေကျော်ကြီးကျေးရွာအုပ်စု တစ်မိုင်ကျေးရွာမှ ဒေါ်နော်စေးဖောပင် ဖြစ်သည်။

အသက်(၄၀)ဝန်းကျင် ဉမမည်စာမမြောက်ရင်သွေးငယ်နှစ်ဦးနှင့် မုဆိုးမတစ်ဦးပင်ဖြစ်သည်။ သူမသည် မိန်းမသားတစ်ဦးပင်ဖြစ်သော်လည်း လယ်ဧက ၄၀ကို ပိုင်ဆိုင်ဦးစီးလုပ်ကိုင်နေသူဖြစ်သဖြင့် လယ်ယာလုပ်သားရှားပါးမှုပြဿနာကို ကိုယ်တိုင်ထိတွေ့ခံစားရသူဖြင့် အလားတူလယ်သမားကြီးများ၏ အခက်အခဲကို ကူညီဖြည့်ဆည်းပေးလိုသဖြင့် မြဝတီမြို့၊ KOBOTA မဲဆောက်မြန်မာကုမ္ပဏီမှ KOBOTA 235LT70 G အမျိုးအစားရိတ်သိမ်းခြွေလှေ့စက်ကို မိမိတစ်သက်တာစုဆောင်းရရှိငွေကျပ် ၃၂၅ သိန်းဖြင့် ရင်းနှီးမြှုပ်နှံဝယ်ယူခဲ့ကြောင်း ပြောကြားသွားသည်။

ယင်းရိတ်သိမ်းခြွေလှေ့စက်ရွေးချယ်ဝယ်ယူနိုင်အောင်နှင့် ဘားအံမြို့ သိရီကွင်းရှိ ကရင်ပြည်နယ်နေ့ အခမ်းအနားတွင် လယ်ယာသုံးစက်ကိရိယာပြပွဲ ပြသနိုင်အောင် ဆက်သွယ်ဆောင်ရွက်ပေးသူက ကော့ကရိတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးအောင်သူကလည်း ယခုစက်သည် တစ်လင်းပျောက်စနစ်ဖြင့် လယ်တစ်ဧကကို တစ်နာရီအတွင်း ရိတ်သိမ်းခြွေလှေ့နိုင်သဖြင့် လယ်ယာလုပ်သားအင်အားသက်သာသလို ရာသီဥတုဖောက်ပြန်၍ အခါမဲ့မိုးရွာသွန်းမှုကြောင့် သီးနှံပျက်စီးမှုကိုရှောင်လွှဲနိုင်မည်ဖြစ်ကြောင်း စပါးအလေအလွင့် နည်းပါးစေကြောင်း စက်မှုလယ်ယာစနစ်သို့ ပြောင်းရန်မှာ လယ်ကွက်များကို ဧကကွက်အဖြစ် ပြောင်းလဲမှ ပိုမိုအဆင်ပြေမည်ဖြစ်ကြောင်းနှင့် စက်မှုလယ်ယာဦးစီးဌာနမှလည်း ကိုရီးယားနိုင်ငံထုတ်ရိတ်သိမ်းခြွေလှေ့စက်DKC685-68HP နှင့် DKC865-86HP တို့ကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိကြောင်း ပြောကြားသွားသည်။

ဒေါ်နော်စေးဖောကလည်း နောင်နှစ်စိုက်ပျိုးရေးရာသီတွင် ကောက်စိုက်စက်ကိုပါ ဝယ်ယူတည်ထောင်ရန် အစီအစဉ်ရှိကြောင်း ကတိပြုပြောကြားသွားသဖြင့် ကော့ကရိတ်မြို့နယ်အနေနှင့်လယ်ယာလုပ်ငန်း တစ်ခေတ်ဆန်းတော့မည်မှာ ဧကန်ဖြစ်ပါတော့သည်။ ။



# သုံးခွမြို့ရှိ လေးကျွန်းမာရ်အောင် မြို့ဦးစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်

သုံးခွ နိုဝင်ဘာ ၂၇



ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့ အမှတ်(၇)ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင် မြို့ဦးစေတီတော်မြတ်ကြီးကို ၂၀၀၂ ခုနှစ်က လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး နယ်လှည့်သာသနာပြု မူလပထမပရိတ်ချည်ဆရာတော် ဘဒ္ဒန္တစန္ဒိမာက ထီးတော်တင်ပေးခဲ့ကြောင်း သိရှိရသည်။ ယခုအခါ စေတီတော်ကြီး၏ ရွှေသင်္ကန်းများမှာ ရာသီဥတုဒဏ်၊ နှစ်ကြာလာသည်နှင့် ပျက်စီးယိုယွင်းမှေးမှိန်လာသဖြင့် ရွှေသင်္ကန်းများပြန်လည်ကပ်လှူရန် လိုအပ်လာပါသည်။ ယနေ့အချိန်အထိ စေတနာရှင်ပြည်သူများမှ လှူဒါန်းငွေ(၈၅)သိန်းကျော်ရရှိပြီး ကျပ်သိန်း ၄၀၀ ကျော် ကုန်ကျမည်ဟု သိရသည်။ သို့ဖြစ်ပါ၍ အလှူငွေများ လိုအပ်လျက်ရှိရာ ရွှေသင်္ကန်းရာဆိုင်းတစ်ဆိုင်းလျှင် ကျပ် ၄၀၀၀၀နှုန်းဖြင့် မိမိတို့စေတနာသဒ္ဓါတရားအလျောက် ဒေါက်တာဦးခင်မောင်လင်း ၀၅၆-၄၀၂၄၄၊ ဦးတင်မြင့် ၀၅၆-၄၀၈၂၄၊ ဦးစိန်လှိုင် ၀၅၆-၄၀၂၇၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အမ်းမြို့၌ ရှင်းလင်းဟောပြော

အမ်း နိုဝင်ဘာ ၂၇

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ အမ်းမြို့၊ လေယာဉ်ကွင်းရပ်ကွက်၌ နိုဝင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက မြို့ဦးဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဟောပြောပွဲပြုလုပ်ခဲ့သည်။ အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့ ပူးပေါင်းပါဝင်လျက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ကြည်က ၂၀၁၄ ခုနှစ် မတ် ၃၀ မှ ဧပြီ ၁၀ ရက်အထိ မြန်မာတစ်နိုင်ငံလုံးတွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်ရာ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသူများ၏ မေးမြန်းမှုများကို ရှင်းလင်းပြောကြားသည်။

ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်အတွင်းမှ အဖွဲ့အစည်း အသီးသီးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ အလားတူ နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီက အမ်းမြို့အမှတ်(၃)ရပ်ကွက် မူကြိုကျောင်း၌ တစ်ဆက်တည်းရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(သန်းမောင်-အမ်း)**

ဗေဒါမိထူး

OD TOUR Oriental Dragon Travels & Tours Co.,Ltd
Dec. 25
Dec. 22
Dec.7,21,25
Dec.21,25
Dec.21,25
Dec.1, Jan 19
Dec.21,24 Jan.1
Dec.24 Jan.1
Dec.7, 24 Jan.1
Dec. 24 Jan.1

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
09 - 73005053
09 - 5122010

ပညာရေးဝန်ကြီးဌာန
National Management College (NMC)
FINANCIAL SERVICES နှင့် BUSINESS MANAGEMENT
STI Education
Certificate
(က) Certificate in Financial Services (CFS)
(ခ) Certificate in Business Management (CBM)
Certificate Diploma, Advanced Diploma
The Open University of Hong Kong Bachelor of Business Administration/ Finance and Banking (BBA)
BBA
BBA
(STI Education)

# ဖျာပုံမြို့နယ် မြို့ကုန်းကျေးရွာတွင် စပါးစံပြကွက်လေ့လာနည်းပညာဆွေးနွေး

**ဖျာပုံ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲ မြို့ကုန်းကျေးရွာ၌ စပါးမျိုးကွဲအလိုက် အထွက်နှုန်းယှဉ်ပြိုင်စံပြကွက်များကို တောင်သူများလေ့လာခြင်းနှင့် လယ်တောအတွင်း နည်းပညာဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

နည်းပညာဆွေးနွေးပွဲကို အက်ရှင်အေ့ဒ် actionaid (မြန်မာ)နှင့် လူမှုကူညီပေးရေးအဖွဲ့(ဖျာပုံ)တို့က ပူးပေါင်းဆောင်ရွက်ကြကာ နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီတွင် လယ်တောအတွင်း စပ်မျိုးစပါးစမ်းသပ်ကွက်များကို လေ့လာကြပြီး မြို့ကုန်းအစိုးရမူလတန်းကျောင်းတွင် ရေရှည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးနည်းစနစ် အစီအစဉ်များကို ပညာပေးဆွေးနွေးခဲ့ရာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ ခရိုင်တာဝန်ရှိသူများ၊ ဖျာပုံမြို့နယ် အမာမြို့နယ်ခွဲမှ ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသဖွံ့ဖြိုးရေးလူငယ်များနှင့် တောင်သူ ၁၅၀ ခန့်တက်ရောက်၍ ပညာပေးဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် မြန်မာလိုအညွှန်းမရေးထားတဲ့ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများကို တောင်သူလယ်သမားများ မသုံးကြရန်နှင့် နားလည်အသုံးပြုနိုင်သော အညွှန်းပါပစ္စည်းများကိုသာ သုံးစွဲကြပါရန် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးနိုင်လင်းက ပြောကြားခဲ့သည်။

ဒေသခံလယ်သမားတစ်ဦးကလည်း "ကျွန်တော်တို့ဒေသလယ်လုပ်သူတွေဟာ လယ်ကများတယ်။ တစ်နှစ်ကို တစ်ရာသီပဲစပါးစိုက်လို့ရပြီး ရာသီဥတုဖောက်ပြန်တဲ့အတွက် အခက်အခဲများရှိသလို ရိတ်သိမ်းချိန်တွင် စပါးရိတ်သမားမရတဲ့ အခက်အခဲများနှင့် နှစ်စဉ်ကြုံတွေ့နေရပါတယ်"ဟု ပြောကြားဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး (ကျိုက်လတ်)**





# ရွှေတိဂုံစေတီတော်သို့လှူဒါန်းသည့် ရွှေစင်ရွှေပြားများ လှည့်လည်ပူဇော်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန် အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျက်သရေဆောင် ပန်းတည်းတန်းအရုဏ်တော်ဝတ်အသင်းကြီး၏ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ (၇၂)ကြိမ်မြောက် ရွှေစင်ရွှေပြားအလှူတော်လှည့်လည်ပူဇော်ပွဲအခမ်းအနားကို အထက်ကြည့်မြင်တိုင်လမ်းပေါ်ရှိ အသင်းရုံးခန်းရှေ့၌ နိုဝင်ဘာ ၂၆ ရက်တွင် အသင်းဥက္ကဋ္ဌကြီး ဦးဘသန်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ကြည့်မြင်တိုင်မြို့နယ်အတွင်းသို့ ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကာ ဆင်ဖြူတော်ရုပ်တုများပေါ်တွင် ရွှေပြားများကို ဖြဟ္မာကြီးများက ကိုင်လျက်လှည့်လည်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** ယင်းသို့ လှည့်လည်ပူဇော်ရာတွင် ၃ ကျပ်သားရွှေပြား ၁၈ ပြား၊ တစ်ကျပ်သားရွှေပြား ၆၈ ပြား စုစုပေါင်းရွှေပြား ၈၆ ပြား (ကာလတန်ဖိုးငွေကျပ် ၇၃၂ သိန်း) ရှိ ရွှေစင်ရွှေပြားများကိုလေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ပို့ဆောင်ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ရွှေတိုင်လွင်)**

# ဥပဒေနှင့်အညီ လိုင်စင်များ လျှောက်ထားနိုင်

**မြဝတီ နိုဝင်ဘာ ၂၇**

မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်ဒုဦးစီးမှူး ဦးဇော်မိုးဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့ကော်မတီ (၄)ရပ်အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးအဖွဲ့ဝင်များ ပူးပေါင်း၍ အဖွဲ့များခွဲပြီး နိုဝင်ဘာ ၂၆ ရက်က မြဝတီမြို့ပေါ် (၅)ရပ်ကွက်နှင့် သယ်န်းညီနောင်ကျေးရွာများရှိ ဘိလိယက်ခုံ၊ ယစ်မျိုးဆိုင်များ၊ တရားမဝင် ဓာတ်ဆီဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ယစ်မျိုးဆိုင် ၄၆ ဆိုင်၊ ဘိလိယက်ခုံ ၁၂ ခုံ စုစုပေါင်း ၅၇ ဆိုင်နှင့် လိုင်စင်မဲ့ယစ်မျိုးဆိုင် ၃၄ ဆိုင်၊ လိုင်စင်မဲ့ဘိလိယက်ခုံ ခြောက်ခုံနှင့် တရားမဝင်စက်သုံးဆီအရောင်းဆိုင် ၃၅ ဆိုင်တို့အား စစ်ဆေးတွေ့ရှိခဲ့သည်။ ယင်းဆိုင်များအား သက်ဆိုင်ရာဌာနများသို့ ဥပဒေနှင့်အညီ လိုင်စင်လာရောက်လျှောက်ထားရန်နှင့် တရားမဝင်ရောင်းချပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သိရသည်။

**(၅၇၀)**




## ဖြူးဆရာတော်ကြီး၏တပည့်ရင်း

## ဖြူးမဟာစည်ဆရာတော် ဒေါက်တာဘဒ္ဒန္တအဂ္ဂဝရ ဓမ္မပူဇာတရားပွဲ

(၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) ၂၈-၁၁-၂၀၁၃ ရက် (သောကြာနေ့) ည ၇ နာရီ၊ သာသနာရေးဝန်ကြီးဌာန ဇမ္ဗူသီရိပိမာန်တော်ကြီး၌ **ဒေါက်တာအောင်မြင့်-ဒေါ်ဝင်းကြည်** မိသားစု၊ **ဦးတင်အောင်-ဒေါ်ညွန့်ညွန့်သောင်း** မိသားစုတို့၏ ဓမ္မဒါန၊ ဓမ္မပူဇာအလှူပွဲတွင် ဖြူးမဟာစည်ရိပ်သာများနှင့် ရတနာစိန်စည်ပရိယတ္တိစာသင်တိုက်တို့၏ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအဂ္ဂဝရဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယM.A Ph.D (Thesis)အရှင်သူမြတ်သည် နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါ၍ ဓမ္မမိတ်ဆွေသူတော်စင်အပေါင်းတို့မှ ကြွရောက်တရားတော်နာယူတော်မူနိုင်ကြပါရန်နှင့် ဆရာတော်၏တရားပွဲများကို ပင့်လျှောက်လိုပါက ဖုန်း-၀၉-၅၃၉၀၄၁၇၊ ၀၉-၅၀၅၆၁၀၇၊၀၉-၅၀၁၇၅၅၄၊၀၁-၅၃၀၀၆၈၊၅၃၀၁၁၃၊၀၅၄-၄၀၇၇၁၊၀၅၄-၄၀၀၁၂ သို့ ဆက်သွယ်နိုင်ပါသည်။





# ဆီးဂိမ်းကာလအတွင်း ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားခရီးသွား ပိုမိုများပြားစွာဝင်ရောက်နိုင်



ပုဂံ-ညောင်ဦးဒေသ ရွှေစည်းခုံစေတီတော်တွင် လာရောက်လည်ပတ်ကြသည့် နိုင်ငံခြားခရီးသွား ဧည့်သည်အဖွဲ့ကို နိုဝင်ဘာ ပထမပတ်အတွင်းက တွေ့ရစဉ်။

**ညောင်ဦး နိုဝင်ဘာ ၂၇**

ဒီဇင်ဘာလတွင် စတင်ကျင်းပမည့် ဆီးဂိမ်းကာလအတွင်း ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များရှိရာ ပုဂံ-ညောင်ဦးဒေသသို့ နိုင်ငံခြားခရီးသွားဧည့်သည်များ ပိုမိုများပြားစွာ ဝင်ရောက်လေ့လာနိုင်ကြောင်း ပြည်တွင်းဧည့်လမ်းညွှန်များက ဆိုသည်။

**လာရောက်လေ့လာ**

"နိုဝင်ဘာမတိုင်ခင် အောက်တိုဘာလအတွင်း အာရှဒေသက နိုင်ငံခြားခရီးသွားဧည့်သည် တော်တော်များများ မြန်မာနိုင်ငံကို လာရောက်လေ့လာကြတယ်။ အထူးသဖြင့် ပုဂံ-ညောင်ဦးဒေသပေါ့။ နိုဝင်ဘာလအတွင်းမှာ ဥရောပနိုင်ငံများက နိုင်ငံခြားခရီးသွားဧည့်သည်တွေ ဝင်ရောက်လာကြတယ်။ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဂျာမနီတို့မှ အများဆုံးလာကြတယ်။ သူတို့တွေကလည်း ရန်ကုန်၊ မန္တလေးပြီးရင် ပုဂံ-ညောင်ဦးဒေသကို လာရောက်လေ့လာကြတယ်။ မြန်မာနိုင်ငံကို လာရောက်လေ့လာတဲ့ နိုင်ငံခြားခရီးသွား ဧည့်သည်တိုင်းရဲ့ ခရီးစဉ်မှာ ပုဂံ- ညောင်ဦးဒေသခရီးစဉ်မပါဘူးဆိုတာမျိုးက ရှားတယ်။ သူတို့ ခရီးသွားတွေကြားမှာက ပုဂံ-ညောင်ဦးဒေသကို မရောက်ဖူးရင် မြန်မာနိုင်ငံကို မရောက်ဖူးဘူးလို့ဆိုကြတယ်။ သာမန်အချိန်မျိုးမှာတောင် ပုဂံ-ညောင်ဦးဒေသက နိုင်ငံခြားခရီးသွားဧည့်သည်တွေ စည်စည်ကားကား ဝင်ထွက်လေ့လာလည်ပတ်ရာ ဒေသ ဖြစ်တာမို့ ဆီးဂိမ်းကာလမှာ ပိုမိုများပြားစွာ ဝင်ရောက် လာနိုင်ဖို့ရှိတယ်"ဟု ရန်ကုန်မြို့ ပြည်တွင်းဧည့်လမ်းညွှန် အေဂျင်စီတစ်ခုမှ ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

**စိတ်ဝင်စား**

ပုဂံ-ညောင်ဦးဒေသသည် ပထမမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့သည့် အနော်ရထာဘုရင် ထီးနန်းစိုက်ရာ နေရာဖြစ်သကဲ့သို့ ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အမြောက်အမြား ထိန်းသိမ်းထားရှိရာ ဒေသဖြစ်သောကြောင့် နိုင်ငံခြားခရီးသွားဧည့်သည်များအတွက် စိတ်ဝင်စားစရာအကောင်းဆုံး ပြည်တွင်းခရီးသွားဒေသတစ်ခုဖြစ်ကြောင်း သိရသည်။ **(ချမ်းသာ-မိတ္ထီလာ)**

# ထားဝယ်မြို့အထူးကုဆရာဝန်ကြီးများအဖွဲ့ နယ်လှည့်အခမဲ့ဆေးဝါးကုသ

**ထားဝယ် နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများနှင့် ဆေးဝန်ထမ်း ၃၄ ဦးတို့သည် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် သကျက်တောကျေးရွာ ဆေးရုံတွင် နိုဝင်ဘာ ၂၄ရက်က ကျေးရွာပြည်သူများအား အခမဲ့ဆေးဝါးကုသပေးခဲ့သည်။ **(ယာပုံ)**

ဆေးဝါးကုသရေးအဖွဲ့သည် ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ကျေးရွာ ၁၄ရွာမှ ဖျားနာ(အထွေထွေ) လူနာ၊ ကလေးလူနာ၊ ခွဲစိတ်လူနာ၊ သားဖွားမီးယပ်လူနာ၊ မျက်စိလူနာ၊ သွားနှင့်ခံတွင်းလူနာ၊ အရိုး/အကြောလူနာ စုစုပေါင်း ၅၁၂ဦးအား အခမဲ့ကျန်းမာရေးစောင့်ရှောက် ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



# ကံမမြို့တွင် မြစ်ကမ်းပါးပြို

**သရက် နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ မြစ်ကမ်းတစ်လျှောက် ဧရာဝတီမြစ်ရေ တိုက်စားမှုကြောင့် ကမ်းပါးမြေပြိုခြင်းများ အဆက်မပြတ်ဖြစ်ပွားခဲ့ရာ အမှတ်(၃)ရပ်ကွက် မဒေးဝရပ်တွင် လူနေအိမ်များနှင့် အလွန်နီးကပ်လာပြီး စိုးရိမ်ရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ အဆိုပါ ကမ်းပါးပြိုခြင်းနှင့်အတူ မြေသားနိမ့်ကျခြင်းများလည်း ဖြစ်ပေါ်လျက်ရှိရာ ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်သမားများရုံးတစ်ရုံး အချိန်မီရွှေ့ပြောင်းနိုင်ခဲ့သော်လည်း ရပ်ကွက်နေ ပြည်သူများ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

**ကိုကိုကျော်(ပြန်/ဆက်)**

## စီးပွားရေး/လူမှုရေးကြော်ငြာ

ဗုဒ္ဓဂယာ ✳ မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ [illegible] -

| | ပီကေစါဂုန် | ကုသိနာရုံ | [illegible] |
|---|---|---|---|
| ၁။ မြို့(၁)တော့ရှန်မေ/(၁)ယွန်စ် (ကျပ်) | ၁၅,၀၀၀ | ၁၀,၀၀၀ | ၃၀,၀၀၀ |

| | ဂယာ | သာဝတ္ထိ | ကုသိနာရုံ | [illegible] |
|---|---|---|---|---|
| ၂။ [illegible](၁)စတော့ရှန်မေ (ကျပ်) | ၂၂,၀၀၀ | ၂၀,၀၀၀ | ၂၀,၀၀၀ | ၃၀,၀၀၀ |

၃။ [illegible]
၄။ [illegible]

[illegible] - [illegible]
[illegible](၁) - [illegible]
[illegible](၂) - Gandamar Wholesale [illegible]

# ဝန်ထမ်းအလိုရှိသည်

**Asia Housing Real Estaste Co.,ltd**

(၁) ရုံးဝန်ထမ်း မ(၁)ဦး
(၂) ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ Computer စာရင်းကိုင်ကျွမ်းကျင်ရမည်။
(၃) ဂျပန်စကားအနည်းငယ်ပြောတတ်ရမည်။

လျှောက်ထားလိုသူသည် C.V Form နှင့်အတူ လိုအပ်သောစာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင်လျှောက်ထားနိုင်သည်။ ၁-၁၂-၂၀၁၃ရက်တွင် C.V Form လက်ခံ၍အဆိုပါနေ့တွင် ချက်ချင်း interview လုပ်ပါမည်။

**အမှတ်(၃၇)၊ အခန်းနံပါတ်(၁၀၁၀)၊ လပြည့်ဝန်းပလာဇာ(၁၀)လွှာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၀၀၃၇၇၂၇**

**ပြင်ဆင်ဖတ်ရှု**

၂၅-၁၁-၂၀၁၃ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၆)ပါ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာတွင်တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်မှာ ၃၁-၁၂-၂၀၁၃(အင်္ဂါနေ့)နှင့်တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်မှာ ၃၁-၁၂-၂၀၁၃ရက် ၁၃း၀၀နာရီ ဟုပြင်ဆင်ဖတ်ရှုပါရန်

**မီး သတိပြု**

ခင်နန္ဒာ သို့ ဆုတောင်း

[illegible]

EMERALD MYANMAR
Car Rental Service
09-49589762
09-49589764

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Asia General Electric Co., Ltd. ၏ Director [illegible]

[illegible]

Board of Director

Asia General Electric Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

Board of Director

Peace Myanmar Group Co., Ltd.

## ဝမ်းနည်းကြေကွဲခြင်း

**ဦးပဏ္ဍိတ(ခ)ဦးကြည်တင်**

**လ/ထ စက်ရုံမှူး၊ ရေယာဉ်မှူး၊ ပုသိမ်မှန်စက်ရုံ(ငြိမ်း)**

**သက်တော်(၇၃)နှစ်၊ ဝါတော် (၁၄)ဝါ**

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ညွှန်ကြားရေးဌာနမှ ဦးလွှမ်းမိုး အငယ်တန်းစာရေး၏ဖခင်သည် ၂၃-၁၁-၂၀၁၃ (စနေနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစုများ**

**မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း**

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

Board of Director

United Can Factory Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီ**

**အသက်(၈၇)နှစ်**

ပါမောက္ခ ဒေါက်တာခင်မောင်မြင့်(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာဌာန၊ အရိုးရောဂါအထူးကုဆေးရုံကြီး)-ဒေါ်မေထားအောင်တို့၏မိခင်သည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဆာကူရာဆေးရုံ**

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီ**

**အသက်(၈၇)နှစ်**

ပါမောက္ခ ဦးခင်မောင်မြင့်(လက်ပိုင်းဆိုင်ရာခွဲစိတ်ကုပညာဌာန၊ အရိုးရောဂါအထူးကုဆေးရုံ)-ဒေါ်မေထားအောင် တို့၏မိခင် ဒေါ်သိန်း(ခ)ဒေါ်သုစန္ဒီသည် ၂၀-၁၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစုများ**

**(အာရှတော်ဝင်ဆေးရုံ)**

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

Board of Director

Peace Myanmar Electric Co., Ltd.

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

Board of Director

General Electric Group Co., Ltd.

# ဝမ်းနည်းကြေကွဲခြင်း

အေးချမ်းမေတ္တာကုမ္ပဏီလီမိတက်တွင် HR Manager အဖြစ် တာဝန်ထမ်းဆောင်နေသော ဒေါ်ဉမ္မာ၏အဘွားဖြစ်သူ ဒေါ်နု (၉၆)နှစ်သည် ၂၀-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**BOD အဖွဲ့နှင့်ဝန်ထမ်းများ**

**အေးချမ်းမေတ္တာကုမ္ပဏီလီမိတက်**

**EXCEL SERVICES CO.,LTD.**

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

D-Max

Digital Photo & Vinyl

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဌေး(ခ)ဦးချစ်ကောင်း**

**Oiler Fitter(CDC-28975)**

**Lizstar Shipping Co.,Ltd.**

**အသက်(၅၂)နှစ်**

ဦးမြင့်ဌေး(ခ)ဦးချစ်ကောင်း Oiler Fitter (CDC-28975)သည် ၂၂-၁၁-၂၀၁၃ ရက် ည ၁၁း၃၀ နာရီတွင် MV.IKAN SUJI သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ရင်း Panama နိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Lizstar Shipping Co.,Ltd မိသားစု**

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Skyward Int'l Trade Ltd. ၏ Managing Director [illegible]

[illegible]

Board of Director

Skyward Int'l Trade Ltd.

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ယဉ်နု**

**အသက်(၇၇)နှစ်**

ဦးသန့်ဇင်ဦး(နေကမ္ဘာမြန်မာဆောက်လုပ်ရေး)-ဒေါ်အိမ့်မြတ်မွန်တို့၏မိခင်၊ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ယဉ်နုသည် ၂၃-၁၁-၂၀၁၃ (စနေနေ့) ည ၉း၂၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်နိုင်သိန်း-ဒေါက်တာသဲမြတ်စိုး**

**Supreme Group of Companies**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြမြချစ်**

**အသက်(၆၉)နှစ်**

ရဲမှူးချုပ် ဦးအောင်နွယ်(ငြိမ်း)၏ဇနီး၊ ဦးမြတ်မိုးအောင်(ခ)ကိုအောင်ABE UMEKO တို့၏ မိခင် ဒေါ်မြမြချစ်သည် ၁၈-၁၁-၂၀၁၃(တနင်္လာနေ့) နံနက်ပိုင်းတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မောင်ဇော်၊ တုံတုံ**

**(ခေတ္တ-ဂျပန်)**

ဝမ်းနည်းကြေကွဲခြင်း

[illegible]

Peace Myanmar Group Co., Ltd. ၏ Executive Director [illegible]

[illegible]

Board of Director

United Paints Group Co., Ltd.

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**မဉမ္မာအောင်(တပ်စာရင်းကိုင်)**

သမီး မဉမ္မာအောင် အဖေ၊ အမေ မိသားစုကိုခွဲခွာသွားတာ ၂၈-၁၁-၂၀၁၃ ရက်မှာ (၅)နှစ်ပြည့်ခဲ့ပြန်ပြီ။ မိသားစုအားလုံး တစ်နေ့မှ မေ့မရ လွမ်းဆွတ်တမ်းတနေဆဲပါ။ သမီးအတွက် ရည်စူး၍ သံဃာတော်များအား ဆွမ်း၊ သင်္ကန်း ကပ်လှူခြင်း၊ ဘုန်းကြီးကျောင်း စာသင်တိုက်ဆောက်လုပ်ရန် လှူဒါန်းခြင်းကုသိုလ်တွေကို ရောက်ရာဘုံဌာနမှ အမျှရ၍ သာဓုခေါ်ပါ။

**သမီး မဉမ္မာအောင်နှင့်တကွ အားလုံး အမျှ အမျှ အမျှ**

**လွမ်းဆွတ်တမ်းတခြင်းများဖြင့်**

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဆရာဦးအေးလွင်[ညွှန်ကြားရေးမှူး-စက်မှု(ငြိမ်း)၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန]၏ ဇနီးဒေါ်ချိုချိုတင့်(၆၁)နှစ်သည် ၂၀-၁၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန**

**ပုသိမ်မြို့မှဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဆရာဦးထင်အောင်(အင်္ဂလိပ်စာ)**

**အသက်(၃၅)နှစ်**

၂၄-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကျူရှင်ဆရာ၊ ဆရာမများ**

**လူမှုကူညီစောင့်ရှောက်ရေးအသင်း**

**သာကေတမြို့နယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်အေးသိန်း**

**B.Ag 70**

သူငယ်ချင်း ကိုရဲဝင်း B.Ag 70 ၏ အတန်းဖော်+ဘဝလက်တွဲဖော် ဒေါ်ခင်အေးသိန်း လောကကြီးမှ ခွဲခွာထွက်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲကြရပါကြောင်း။

**70 B.Ag ဘွဲ့ရသူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးပထန်(ခ)ဦးမြင့်မောင်စိုး(ခ) Morgan Soe**

**အသက်(၆၂)နှစ်**

[ဦးစိုး(ခ)ဦးရှော်ဖိ]-ဒေါ်သန်းသန်းမြင့်တို့၏သားလတ် ဦးပထန်(ခ)ဦးမြင့်မောင်စိုး(ခ) Morgan Soe သည် ၂၃-၁၁-၂၀၁၃ ရက် နံနက် ၉း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(ကလော) St.Agnes' Convent**

**ကျောင်းသားကျောင်းသူဟောင်းများ**

ကြေးမုံ

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ

အားကစားပြိုင်ပွဲ အထူးထုတ်

ဆီးဂိမ်းပြိုင်ပွဲကြီးကျင်းပရန် ၁၂ ရက်သာ လိုတော့သည်။

၂၈-၁၁-၂၀၁၃ (ကြာသပတေးနေ့)


# tm;upm;E[illegible]



## သိမ်မွေ့နူးညံ့သည့်နည်းလမ်း

သို့မဟုတ်

## ဂျူဒိုအားကစား

စာမျက်နှာ ၃ သို့ » »

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်မှ ၂၂ ရက်နေ့အထိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် လက်ခံကျင်းပပေးတော့မည်။

အမှန်အားဖြင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စတင်ပေါ်ပေါက်လာခြင်းအကြောင်းမှာ. . .

၁၉၅၈ ခုနှစ်၊ တတိယအကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲကြီးအား ဂျပန်နိုင်ငံ၊ တိုကျိုမြို့၌ ကျင်းပနေစဉ် မေလ ၂၂ ရက်နေ့တွင် ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများ ဖြစ်ကြသည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ လာအိုနိုင်ငံများမှ အားကစားအဖွဲ့ခေါင်းဆောင်များ တွေ့ဆုံလျက် ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။ အဆိုပါ တွေ့ဆုံဆွေးနွေးပွဲမှ အရှေ့တောင်အာရှကျွန်းဆွယ်ဒေသရှိ လူငယ်များ၏ အားကစားဖွံ့ဖြိုးတိုးတက်မှုအတွက် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

ကမ္ဘာ့နိုင်ငံအသီးသီး ပါဝင်ယှဉ်ပြိုင်ကြသော အိုလံပစ်ပြိုင်ပွဲကြီးနှင့် အာရှတိုက်အတွင်းရှိ အာရှနိုင်ငံ အသီးသီး ပါဝင်ယှဉ်ပြိုင်ကြသော အာရှအားကစားပြိုင်ပွဲကြီးများ ကျင်းပနေလင့်ကစား အဆိုပါပြိုင်ပွဲကြီးများမှာ အဆင့်အတန်း မြင့်မားလွန်းနေသဖြင့် အရှေ့တောင်အာရှကျွန်းဆွယ်နိုင်ငံများ အနေဖြင့် အဆင့်အတန်းရှိစွာ ပါဝင်ယှဉ်ပြိုင်ခြင်း မပြုနိုင်ကြောင်း၊ ထို့ကြောင့် အဆိုပါပြိုင်ပွဲကြီးများကို အဆင့်အတန်းရှိစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ယင်းပြိုင်ပွဲကြီးများလောက် အဆင့်အတန်းမမြင့်မားသော ဒေသဆိုင်ရာပြိုင်ပွဲမျိုးကို ကျွန်းဆွယ်နိုင်ငံအချင်းချင်း ဦးစွာပထမ ယှဉ်ပြိုင်နိုင်အောင် ဆောင်ရွက်ပေးဖို့ လိုအပ်နေပြီဖြစ်ကြောင်း ဆွေးနွေးခဲ့ကြပါသည်။

ဆွေးနွေးချက်များအရ အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကို (၄)နှစ် တစ်ကြိမ်ကျင်းပသော အိုလံပစ်နှင့် အာရှအားကစားပြိုင်ပွဲကြီး ကျင်းပပြုလုပ်

စာမျက်နှာ ၂ သို့ » »



27th SEA GAMES
MYANMAR 2013

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အားကစားသမားများ အကြိုစွမ်းရည်










KBZ Bank(Account No.00730200701690301)


## ဆိုင်ခွဲတိုင်းမှာ ရောင်းကောင်းတာ ဘာကြောင့်လဲ ?

ငွေရည်မှန်ကန်မှုကြောင့်လား? ဈေးနှုန်းမှန်ကန်မှုကြောင့်လား? ဆက်ဆံရေးပြေပြစ်မှုကြောင့်လား?

# YL ရိုးလုံးရွှေဆိုင်ကြီး(လက်လီလက်ကား)

ဦးလှဝေ + ဒေါ်ခင်မြင့်လှိုင်

ဆိုင်ခွဲ (၁) - အမှတ် (S-7) ... (Ext.) ...

ဆိုင်ခွဲ (၂) - ကိုနိုင်နိုင်ဦး + မလဲ့ရည်ရွှန်း

အမှတ် (F-1) ... (Ext.) ...

ဆိုင်ခွဲ (၃) - ... ကိုနိုင်နိုင်ဦး + မလဲ့ရည်ရွှန်း (C-5) ... (Ext.) ...

အမှတ် (C-7) ... (Ext.) ...

H - 10 ... (Ext.) ...



**ရွှေရောင်ဖြိုးဘုရားဖူးအဖွဲ့**

ပုဂံ(စွယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော်(နိုဝင်ဘာ ၂၉ရက်၊ ၄ ရက်ခရီး)
ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ၊ မော်လမြိုင်လမ်း ဘုရားစုံ(ဒီဇင်ဘာ ၆ရက်၊ ၄ ရက်ခရီး)
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုံလုံထမ့်ဆမ်း၊ မွေတော်ကက္ကူ၊ မြင်းမထိ၊
နေပြည်တော် (ဒီဇင်ဘာ ၁၃ ရက်၊ ၄ ရက်ခရီး)
ခရီးစဉ်တစ်ခုချင်းတွင်(စား၊ တည်း၊ လှေတစ်ဆင့်သွားကားခငွေမိမ်း-၄၀၀၀၀/-)၊ ခရီးစဉ်အားလုံးအတွက် (၂၅)ယောက်စီးအဲယားကွန်းကားများဖြင့် ပို့ဆောင်ပေးမည့်အပြင် ဘုရားသမိုင်းကြောင်း နောက်ခံစကားပြောနှင့်အတူ ခရီးသွားမှတ်တမ်းဗီဒီယိုခွေပါ ရိုက်ကူးပေးမည်။ **ဖုန်း-၀၉၄၅၀၀၁၃၄၄၆၊ ၀၉၄၂၀၇၄၈၂၉၈**



အိုးမြို့သစ်ရှိမြေကွက်များဝယ်လိုသည်

09 31268183, 09 31589922



Quality Publishing House

ပိုလ်ချုပ်ကြီးဟောင်း

ဦးခင်ညွန့်နှင့် အင်တာဗျူး





**တိုက်ခန်းငှားမည်**

စမ်းချောင်းမြို့နယ်

ပေ(၁၂½×၅၀)(မြေညီ) ၃. ၅သိန်း

ပေ(၁၂½×၅၀)(ပထပ်) ၂. ၅သိန်း

ဖုန်း-၀၉၅၀၆၃၁၃၂၊ ၀၁-၃၈၅၃၀၆


## နည်းပညာတက္ကသိုလ်(သန်လျင်)၊ ဓာတုအင်ဂျင်နီယာမိသားစု တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားလွှာ

နည်းပညာတက္ကသိုလ်(သန်လျင်)၊ ဓာတုအင်ဂျင်နီယာဌာနတွင် နှ (၃)နှစ်ဖြင့် ပညာသင်ကြားပို့ချပေးခဲ့ကြသော ဆရာသခင်ကျေးဇူးရှင် ဆရာ၊ ဆရာမများအား တတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို ယမန်နှစ်ကအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဓာတုအင်ဂျင်နီယာဌာနမှ ပညာရှာမှီးခဲ့ကြသော တပည့်ဟောင်းများအားလုံး ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ကြပြီး ကျေးဇူးရှင်မြတ်ဆရာတို့ကို ကြွရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်အစီအစဉ်**

| | |
|---|---|
| နေ့ရက် | - ၂၉-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) |
| အချိန် | - မွန်းလွဲ ၁း၃၀နာရီမှ ၄း၃၀နာရီထိ |
| နေရာ | - M-3 Hall၊ ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ် |

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့-စန်းကိုကိုဦး ၀၉-၇၃၀၄၉၅၆၈၊ ကျော်ဇင်သန့် ၀၉-၄၃၀၃၆၈၄၄၊ ဝေလင်းအောင် ၀၉-၇၃၃၅၅၅၃၃၊ ဟိန်းမောင်မောင် ၀၉-၇၃၁၁၅၄၈၂၊ ဆူးမာန်ထွန်း ၀၉-၄၂၀၄၄၉၄၆၊ ဇော်သင်းသင်းနွယ် ၀၉-၄၃၀၄၂၈၂၄၊ စိုးသိမ့်သိမ့်သူ ၀၉-၅၅၅၀၅၂၉၊ အေးမြမြသန်း ၀၉-၅၁၅၅၂၅၀၊ ခင်မျိုးထက် ၀၉-၇၃၂၀၁၂၃၃၊ ယမင်း ၀၉-၄၂၀၅၅၀၉၉၊ လှိုင်းဇာခြည် ၀၉-၅၁၈၉၇၆၂၊ နန်းဝိမာလာ ၀၁-၇၀၃၂၆၀။

## ဖိတ်ကြားလွှာ(အင်းတော်)

**စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်အသင်း(ရန်ကုန်)**

**ဖွဲ့စည်းရေးဖိတ်ကြားခြင်း**

ရန်ကုန်မြို့တွင် ရောက်ရှိနေကြသော အင်းတော်နယ်သားများအနေဖြင့် အင်းတော်မြို့နယ်အသင်း(ရန်ကုန်) ဖွဲ့စည်းမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မည်သူမဆို အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| နေ့ရက် | - ၁-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) |
| အချိန် | - မွန်းတည့် ၁၂နာရီတိတိ |
| နေရာ | - ဝါဆိုဦးဘုန်းကြီးကျောင်း၊ သံသုမာလမ်း၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရှေ့၊ သဃ်န်းကျွန်းမြို့နယ်။ |

## တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ


# ဦးဇေမင်းအောင်

B.A (Korean), Y.U.F.L.

(I.E.K.C.S) Song Kong Hoe University, S-Korea.

## ကိုရီးယားဘာသာစကားသင်တန်းကျောင်း

- ... Song Kong Hoe University ...

Ph: 09450048814 , 0931103270, 09425292545



HTET OO MARITIME TRAINING INSTITUTE

Whole Package ... BST နှင့် Pre-Sea ... CDC / Passport ... Coffee ...

BST (4 Tickets) ... Coffee ...

Tanker Familiarization Course (T.F) ... Coffee ...

(Oil, Chemical, Liquefied Gas)

Pre-sea Course (Deck, Engine) - (Onboard Excursion) ...

Deck Officer Class - 5 (NCV) ...



Ph: 09 250278274, 01-544563

Ph: 09 421154222



စင်ထွာ ...

TOYOTA BELTA ...



စင်ထွာ

CENTRA



ဖုန်း- ၀၁-၆၆၁၈၂၂ ၊ ၀၉-၇၃၀၀.၉၆၄၀ ၊ ၀၉-၇၃၀၀.၉၆၄၁၊ ၀၉-၉၁.၀၀၀၇၅၂ ၊ ၀၉-၉၁.၀၀၀.၇၅၃ ၊ ၀၉-၉၁.၀၀၀.၇၅၄

# ကြေးမုံ ကြော်ငြာ ADVERTISEMENT


**အာရှနဂါး**

Ph : 703790, 09-861-9008
707063, 09-861-7770

## UNIQUE STAR TRAVELS & TOURS

No.(F5), Ground Floor, Asia Plaza. Ph: 708 353, 705 723, 09 7310 9131, 09 7310 9144, 09 7310 9155, 09 7310 9166
No.(70/A), Kabaaye Pagoda Rd, Kominkochin Ward, Bahan Tsp. Ph: 860 4964, 860 4965, 860 4966, 09 514 8079

## NATURAL BREEZE Travels

Dec.28
Dec.28
Dec.26
Dec.27
Dec.29

01 550734 09 73 211441 09 73 211442

## Mr. Myanmar

## Tour Diamond Travel & Tour

Dec-12, 20, 28, Jan-9

Ph: 09-43189717, 09-43008110, 09-42010 7169

## EDULINK



Enrol for 2nd of December with 20,000 discount

Building 4, Junction Square, Kamaryut Township, Yangon.
Tel: 09 731 62598, 09 4211 19855, www.facebook.com/edulink.aus

## Global Enchanting Education Centre

## Workplace Safety & Health Training Centre

လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သင်တန်းကျောင်း



- Construction Safety Orientation Course
- Construction Safety Supervisor Course
- Risk Assessment Management
- Industrial Safety Orientation
- OHS Management System
- Scaffolding and Lifting
- Confined Space

SAFETY CONSULTANCY SERVICE

- Workplace Safety Inspection
- Corporate Safety Consulting
- Corporate Recruiting

AK

We CARE For SAFETY

WE SUPPORT

Safety Corporate Training

709, 7th Floor, Bayintnaung Tower (28), Kamaryut Tsp, Yangon. Tel: 01 2305534, 09 7312 7074, 09 518 1316



# TELENOR MYANMAR CAREER SEMINAR

## December 5, 2013 9.00 a.m.–4.00 p.m.

### Co-Operative Business Centre, Sayar San Plaza, Yangon

**December 5 - 10.00 a.m.**
Topic : Personal and career development
[illegible]



**Prof. Dr. Aung Tun Thet**
President Economic Advisor

**December 5 - 2.00 p.m.**
Topic : Realising your potential and embracing opportunities
[illegible]



**Mr. Petter Furberg**
Chief Executive Officer
Telenor Myanmar



**Ms. Tipayarat Kaewsringarm**
Chief People Officer
Telenor Myanmar

[illegible] Telenor Myanmar [illegible] Career Seminar [illegible] Telenor Myanmar [illegible]

Telenor Myanmar Career Seminar [illegible] Resume/CV [illegible] http://www.telenor.com/myanmar [illegible] Telenor Myanmar [illegible]

- External Relations
- Regulatory
- Legal
- Accounting
- Business Assurance
- Business Planning and Performance Management
- Network Sourcing
- Financial Planning & Analysis
- Financial Controlling
- Sourcing
- Treasury
- Tax
- Enterprise Risk Management
- Admin and Real Estate Management
- Learning and Development
- Organization Development and HRM
- Recruitment
- Acceptance and control
- Billing
- Business Application IT Services
- Core Network
- Customer Relationship Management (CRM)
- Customer Care
- Mobile Internet
- IT Planning and Architecture
- IT Solution Delivery Management
- Network Planning and Architecture
- Network Roll-out
- Project Management
- Radio
- Transport
- Value-Added Services (VAS)
- Marketing & Brand Communication
- Product and Market
- Sales and Distribution

telenor

THE

# G•E•M•S

Garden Condominiums

## Glimmering New Heights in The Heart of The City



Simple elegance, fine aesthetic compositions, practicality and advanced building techniques are skillfully arranged together to form trend setting homes at The Gems.

The four towers with twenty one floors of modern apartments rise elegantly above the landscape to provide it's residents with stunning panoramic views of Yangon City and it's beauty.

**The Lifestyle Facilities** of The Gems include an infinity lap pool surrounded by lush tropical gardens that are complimented by:

- Fully equipped gymnasium
- Children's pool
- Coffee shop and snack bar
- Multipurpose function room
- Outdoor exercise area
- Children's playground
- Barbeque pits
- Jogging track
- Rooftop garden





Visit our GALLERY
113 Insein Road, Hlaing Township
For Information Please Call
01 526146, 01 526148, 01 526170

CAPITAL DEVELOPMENT LIMITED
Quality Developer.... Reliable Developer.... Responsible Developer